၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ – ၂၂၁)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၀၉)

**ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး**

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချို အရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှု အန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

## ရေဘေးဒဏ်သင့်ပြည်သူများ၏ အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံ နိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များစုပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးရှောင်နေရာများသို့ ပို့ဆောင်နေရာချထားပေးလျက်ရှိသည်။

**ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများနှင့် တာတမံနိမ့်ကျမှုကြောင့် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် အဖွဲ့ဝင်များလိုက်ပါ၍ အဆိုပါ ငဝန်မြစ်ရေကာတာ တမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေဘေးသင့်ခဲ့ရသည့်ဒေသများရှိ ကျေးရွာများ၊ လူနေအဆောက်အအုံများအတွင်း ရေဝင်ရောက်နေမှုနှင့် ယာယီရေဘေးရှောင်နေရာများသို့ ပြောင်းရွှေ့ပေးထားမှု၊ စိုက်ပျိုးမြေများတွင် ရေဝင်ရောက်သဖြင့် ထိခိုက်ပျက်စီးနေမှုတို့ကို ပုသိမ်မြစ်ကြောင်းအတိုင်း ဟင်္သာတမြို့အထိ ရဟတ်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေဘေးသင့်ပြည်သူများ၏ လတ်တလော စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးကို အလေးထားဆောင်ရွက်သွားရန်၊ အလားတူ သဘာဝဘေးအန္တရာယ်များ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



## ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကျိုင်းတုံမြို့၌ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများသည် ခရိုင်/ မြို့နယ်များသို့ အထူးကုဆေးကုသရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀)နှင့် ခုတင်–၅၅၀ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီး ၁၁ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည်

*စာမျက်နှာ ၄ ကော်လံ ၃* ❑




**ယနေ့ ဖတ်စရာ**

ရွှေရောင်လွင်ပြင်မှသည် ကမ္ဘာ့ဈေးကွက်ဆီသို့ မြန်မာ့ပဲမျိုးစုံကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေး အားလုံးရှက်ဆောင်ပေး — *ဆောင်းပါး > စာ > ၈*

စနစ်တကျ စိုက်ပျိုးမွေးမြူလာနိုင်ရေး သမဝါယမများက ဆောင်ရွက်ပေး — *ဆောင်းပါး > စာ > ၁၂*

တစ်ပတ်တာဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ — *သတင်းများ > စာ > ၁၃*


## ချင်းတွင်း၊ သံလွင်၊ စစ်တောင်းနှင့် ဒုဋ္ဌဝတီ မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပြီး မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်

*စာမျက်နှာ ၄ ကော်လံ ၁* ❍

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေး အတန်းနေရာချထားမှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျောင်းပြင်ပရောက်ကလေးများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးနှင့်ကျောင်းပြင်ပ အလယ်တန်းပညာရေး အတန်းနေရာချထားမှုစစ်ဆေးခြင်း (Placement Test) စာမေးပွဲကို ကျင်းပဆောင်ရွက်လျက်ရှိရာ ကျောင်းပြင်ပရောက် မူလတန်းကျောင်းသား ၆၈၃ ဦးနှင့် အလယ်တန်းကျောင်းသား ၁၆၆၂ ဦးတို့ လာရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ■

# ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ် ကျန်းမာရေးနှင့်ညီစွာ ဆီကိုစားသုံး

မြန်မာနိုင်ငံတွင် မြေပဲ၊ နှမ်း၊ နေကြာတို့အပါအဝင် ဆီထွက်သီးနှံများ ကောင်းစွာစိုက်ပျိုးဖြစ်ထွန်းပြီး လက်ရှိစိုက်ကေနှင့်ပင် ပြည်တွင်းစားသုံးမှုဖူလုံစေရန် စိုက်ပျိုးထုတ်လုပ်နိုင်သည်။ နိုင်ငံတော်အစိုးရက ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပမှဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီရန်လိုအပ်သကဲ့သို့ စားသုံးသင့်သည့်ပမာဏထက်ပို၍ ဆီစားသုံးမှုနှုန်းများပြားနေသည့် နိုင်ငံသူနိုင်ငံသားများအား ဆီစားသုံးမှုလျှော့ချနိုင်ရေး ပညာပေးစည်းရုံးဆောင်ရွက်သွားရန်လည်း လိုအပ်လျက်ရှိသည်။

"ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့်စပ်လျဉ်း၍ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို အထူးဇုန် ၁၂ ခု သတ်မှတ်ပြီး တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နှမ်းနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၂၀ သတ်မှတ်ထားသော်လည်း အမှန်တကယ်အထွက်နှုန်းသည် ၉ ဒသမ ၆ တင်းသာရှိသည့်အတွက် ၅၀ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရပါကြောင်း၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီမည်ဆိုပါက ထုတ်လုပ်မှုကုန်ကျစရိတ်များ ကျဆင်းလာမည်ဖြစ်ကြောင်း" နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲပုပ်နှင့်ပန်းနှမ်းကို ရှမ်းပြည်နယ်၊ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတို့တွင် အဓိက စိုက်ပျိုးသည်။ ဆီထွက်သီးနှံစိုက်ပျိုးဧကမှာ ဆီအုန်းမပါဘဲနှင့် စိုက်ဧကရှစ်သန်းရှိပြီး လက်ရှိအထွက်နှုန်းအတိုင်းနှင့်ပင် ပြည်တွင်းဆီစားသုံးမှုဖူလုံနိုင်သော်လည်း အားလုံးကိုဆီကြိတ်ခြင်းမဟုတ်ဘဲ ပြည်ပသို့တင်ပို့ခြင်း၊ တိုက်ရိုက်စားသုံးခြင်းတို့ကြောင့် ပြည်တွင်းစားသုံးဆီအတွက် လိုအပ်ချက်ဖြစ်ပေါ်လာသည်။ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များဖြစ်သည့် မြေပဲ တင်း ၇၀၊ နှမ်း တင်း ၂၀၊ နေကြာ တင်း ၅၀ သတ်မှတ်ချက်အတိုင်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက နိုင်ငံအတွက် စားသုံးဆီဖူလုံမှုမှာ ၂၅၀ ရာခိုင်နှုန်းခန့် ရှိလာမည်ဖြစ်ရာ ပြည်ပမှဆီတင်သွင်းရမှု များစွာလျော့ကျသွားမည်ဖြစ်သည်။

"ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီစားသုံးမှုပမာဏအရ လူတစ်ဦးအတွက် ဆီကို တစ်နှစ်တွင် ငါး ပိဿာမှ ခြောက် ပိဿာကြားသာ စားသုံးသင့်သော်လည်း မိမိတို့နိုင်ငံသားများအနေဖြင့် တစ်နှစ်တွင် ရှစ် ပိဿာကျော်အထိ စားသုံးနေသည့်အတွက် ပုံမှန်သုံးစွဲသင့်သည့် ပမာဏထက် များစွာကျော်လွန်သုံးစွဲနေသည်ကိုလည်း စစ်တမ်းများအရ သိရကြောင်း၊ ဆီစားများခြင်းသည် ပြည်သူများ၏ ကျန်းမာရေးဆိုးကျိုးများကို ဖိတ်ခေါ်နေသည့်အပြင် ပြည်ပကစားအုန်းဆီတင်သွင်းရသည့်အတွက် နိုင်ငံခြားငွေအများအပြားသုံးနေရကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၅ ဒသမ ၅ သိန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၆ ဒသမ ၄ သိန်း တင်သွင်းခဲ့ရကြောင်း၊ ထို့ကြောင့် ဆီစားနှုန်းလျှော့ချပြီး နိုင်ငံတော်၏လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အထူးအလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ဟူ၍လည်း နိုင်ငံတော်သမ္မတကပြောကြားခဲ့ရာ ဆီစားလျှော့ကျရေးနည်းလမ်းစုံဖြင့် ပညာပေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်သွားကြရမည်ဖြစ်သည်။

လူတစ်ဦးပုံမှန်စားသုံးသင့်သည့် ဆီပမာဏသည် တစ်ရက်လျှင် ၁ ဒသမ ၈ ကျပ်သား ဖြစ်ပြီး တစ်လလျှင် ၅၄ ကျပ်သား ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံသားတစ်ဦး၏ ဆီစားသုံးသည့်နှုန်းမှာ ပျမ်းမျှခြင်းအားဖြင့် တစ်ရက်လျှင် ၂ ဒသမ ၂၅ ကျပ်သား ဖြစ်ပြီး တစ်လလျှင် ၆၇ ဒသမ ၅ ကျပ်သားဖြစ်သည်။ စားသုံးဆီကို လိုသည်ထက်ပို၍စားသုံးခြင်းက သွေးတွင်းအဆီဓာတ်မြင့်မားခြင်း၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့်နာတာရှည်ရောဂါများ ခံစားရနိုင်ပြီး ရုတ်တရက်နှလုံးရပ်ခြင်းနှင့် လေဖြတ်ခြင်းကဲ့သို့ ကျန်းမာရေးဆိုးကျိုးများစွာရှိနေရာ ဆီစားသုံးမှု လိုသည်ထက်ပိုနေပါက လျှော့ကြရမည်ဖြစ်သည်။

ဆီစားသုံးမှုလျှော့နည်းစေရန် နေ့စဉ်ချက်ပြုတ်စားသောက်မှုနည်းလမ်းများတွင် ဆီသုံးစွဲမှုနည်းသည့် ချက်ပြုတ်နည်းများကို သုံးစွဲခြင်း၊ ချက်ပြုတ်စဉ် ဆီကိုတိုင်းတာ၍ထည့်ခြင်း၊ စားသောက်မှုပုံစံပြောင်းလဲခြင်း၊ ဆီသုံးစွဲမှုနည်းသည့်ဟင်းလျာများကို ပိုမိုစားသုံးခြင်း၊ ဆီကြော်စားစရာများ၊ အသင့်စားစရာများ၊ တိရစ္ဆာန်အဆီများ စားသုံးမှုရှောင်ကြဉ်ခြင်းအားဖြင့် ဆီစားသုံးမှုကိုလျှော့ချနိုင်သည်။ လူတစ်ဦးချင်းစီနှင့် မိသားစုတစ်စုချင်းစီတိုင်းက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် ဆီစားသုံးမှုများပြားသည့်အလေ့အထကို ပြုပြင်လျှော့ချကာ စားသုံးဆီကို လိုသလောက်သာစားသုံးခြင်းဖြင့် ကျန်းမာခြင်းနှင့် ပြည့်စုံသည့်မိသားစုဘဝကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည့်အပြင် ပြည်ပမှ စားအုန်းဆီတန်ချိန် သိန်းနှင့်ချီ၍ တင်သွင်းနေရခြင်းကိုလည်း လျှော့ကျသွားစေမည်ဖြစ်သည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

---

### ၉ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

---

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဩဂုတ် ၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀ - ၈ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၄၀ | ၃၉၉၅ | ၃၉၄၅ | ၃၈၅၅ | ၄၀၀၀ | ၄၀၁၅ | ၄၀၄၅ | ၃၉၂၅ | ၄၂၉၅ | ၄၃၂၅ | ၃၉၄၅ | ၄၀၅၅ | ၄၀၃၅ | ၃၉၉၅ | ၄၀၀၅ | ၄၂၃၅ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၁၀ | ၄၁၂၅ | ၄၁၆၀ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၅၅ | ၄၁၅၀ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၅၅ | ၄၁၇၀ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၉၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၃၈ | ၃၇၄၅ |
| 95 Ron | ၃၇၄၅ | ၃၈၅၄ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၈ | ၄၉၃၄ |
| HSD (10 ppm) | ၄၈၀၈ | ၄၉၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

*✻ ရှေ့ဖုံးမှ*

ထပ်မံကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်မြစ်ရေကာတာ တာမိုင်(၂၅/၃)တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိပြီး တမံရေတိုက်စားမှု ကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်းပိတ်ဆို့နိုင်ရေးအတွက် ရေတိုက်စားမှုလျော့ကျစေရန် ကမ်းပြိုကာကွယ်ရေးသုံး ပိတ်စအိတ် Geo Bag များချခြင်း၊ Geo Bag ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင်လျှောစောက်အား Geo Textile အစများ၊ Geo Bag များဖြင့်ကာကွယ်ခြင်း၊ ရေနက်ရေစီးလမ်းကြောင်းအား ဆက်လက်ပိတ်ဆို့နိုင်ရေးအတွက် သဲအပြည့်ဖြည့်ထားသော Geo Bag အိတ်ကြီးများနှင့် သဲအိတ်များကို နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုး၍ ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့် ချခြင်း၊ ရေစီးလမ်းကြောင်းတားဆီးနိုင်ရေး Steel Sheet Pile ရိုက်ခြင်း စသည့်လုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းဆောင်ရွက်မှုများ အမြန်ဆုံးပြီးစီးမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဟင်္သာတမြို့သို့ရောက်ရှိပြီး ဟင်္သာတမြို့နယ် လဟာပကျေးရွာသို့ မော်တော်ယာဉ်များဖြင့်သွားရောက်၍ လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှစ်သိမ့် အားပေးစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်သမ္မတအား ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ဝင်းက ရေဘေးရှောင်ပြည်သူများနှင့် ပတ်သက်သည့်အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ရေဘေးရှောင်ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားရာတွင် မိမိအနေဖြင့် ယမန်နေ့ကတည်းကပင် လာရောက်တွေ့ဆုံနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် လာရောက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အား ရဟတ်ယာဉ်များဖြင့်သာ လိုက်လံကြည့်ရှုခဲ့ရကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများ၏ အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား ဆောင်ရွက်သည့် တိုင်းဒေသကြီးဖြစ်ပြီး စီးပွားရေးကောင်းမွန်သည့် အစဉ်အလာကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ဒေသတွင်းရှိ အခြေခံကောင်းများအား အကျိုးရှိရှိအသုံးချ၍ ကျော်လွှားနိုင်ရန် လိုကြောင်း။

သစ်ပင်စိုက်ပျိုးမှုများ အားနည်းလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် လမုပင်၊ မန်ဂျန်ရှားပင်၊ အုန်းပင်တို့ အပါအဝင် သစ်ပင်များကို တစ်အုပ်တစ်မ စနစ်တကျ စိုက်ပျိုးခြင်းအားဖြင့် ရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုဒဏ်တို့ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ပေါက်များ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုပြီး ဧရာဝတီမြစ်၊ ငဝန်မြစ်များနှင့် အခြားမြစ်ချောင်းများ ရေစီးဆင်းမှုများကောင်းမွန်စေရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ရှောင်ရှား၍ ရနိုင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်အတူ စေတနာရှင်အလှူရှင်များကလည်း စဉ်ဆက်မပြတ် လာရောက်လှူဒါန်းမှုများကို အားတက်ဖွယ်တွေ့ရှိရပြီး ယမန်နေ့က ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ ရေဘေးကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများအတွက် မိမိအနေဖြင့် ထပ်တူစိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှစ်သိမ့်အားပေးစကား ပြောကြားစဉ်။

**“ ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်စီကြိုးစားအားထုတ်ကြမည်ဆိုပါက နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာနိုင်မည်၊ ကျောင်းပညာရေးနှင့်ပတ်သက်၍လည်း အတန်းအလိုက်၊ အဆင့်အလိုက် ကျောင်းတက်ရောက်မှုအပေါ်တွင် မူတည်၍ သင်ယူရသည့်စာပေပညာများ၊ နာယူရသည့် အသိပညာဗဟုသုတများ ကွာခြားသွားမည်ဖြစ်သဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူသွားကြရန် တိုက်တွန်းအားပေးလို၊ ကျောင်းတက်ရောက်ခြင်းဖြင့် သင်ကြားခဲ့ရသည့် အတန်းပညာရပ်များအလိုက် စည်းကမ်းရှိသည့် လူငယ်များ၊ အသိပညာအတတ်ပညာများ ပြည့်စုံကျွမ်းကျင်သည့် စွမ်းရည်နှင့်စွမ်းအားရှိသည့်လူငယ်များ ဖြစ်လာမည် ”**





ငဝန်မြစ် ရေကာတာ တာတမံနိမ့်ကျမှုကြောင့် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ရေဘေးကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ကျောင်းပြန်လည်တက်ရောက်စေရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းပညာသင်ကြားခြင်းမှတစ်ဆင့် ပညာတတ်မြောက်မှုသာမက စည်းကမ်းရှိမှု၊ စိတ်ဓာတ်ကောင်းမွန်မှုနှင့် ကြိုးစားအားထုတ်လိုစိတ်တို့ကိုပါ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန် လိုကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်စီကြိုးစားအားထုတ်ကြမည် ဆိုပါက နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာနိုင်မည်ကို မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ကျောင်းပညာရေးနှင့်ပတ်သက်၍လည်း အတန်းအလိုက်၊ အဆင့်အလိုက် ကျောင်းတက်ရောက်မှုအပေါ်တွင်မူတည်၍ သင်ယူရသည့် စာပေပညာများ၊ နာယူရသည့် အသိပညာဗဟုသုတများ ကွာခြားသွားမည်ဖြစ်သဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူသွားကြရန် တိုက်တွန်းအားပေးလိုပါကြောင်း၊ ကျောင်းတက်ရောက်ခြင်းဖြင့် သင်ကြားခဲ့ရသည့် အတန်းပညာရပ်များအလိုက် စည်းကမ်းရှိသည့် လူငယ်များ၊ အသိပညာအတတ်ပညာများ ပြည့်စုံကျွမ်းကျင်သည့် စွမ်းရည်နှင့် စွမ်းအားရှိသည့်လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအနက် ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၉ ဒသမ ၁၄ သန်းကို ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုန်းတော်ကြီးကျောင်းအတွင်း ဟင်္သာတခရိုင်ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့ ရွှေလျားဆေးကုသရေးအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှ ကူညီ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများ အနေဖြင့်လည်း မူလ အခြေအနေသို့ ပြန်လည် ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက် ...**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးသင့်ပြည်သူများအနက် ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

---

❍ ***ရွှေဖုံးမှ***

ပေဝက်ကျော်တွင် ရောက်ရှိနေကာ နောက် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်ထားပါသည်။

**မိုး/ဇလ**

---

❑ ***ကျန်းမာရေးမှ***

ဩဂုတ် ၈ ရက်နှင့် ၉ ရက်များတွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီး၌ အဆိုပါဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများက ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကုသမှုပေးရာတွင် အထွေထွေရောဂါလူနာ ၂၂၇ ဦး၊ နှလုံးရောဂါဆိုင်ရာလူနာ ၁၅၀၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ လူနာ ၈၅ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၄၇ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၅၁ ဦး၊ အသည်းရောဂါဆိုင်ရာ လူနာ ၄၄ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါလူနာ ၇၄ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသလူနာ ၁၀၈ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာလူနာ ၃၇ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၂၂၄ ဦး၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာလူနာ ၃၃ ဦး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၁၁၂ ဦး၊ အခြားရောဂါလူနာ ၆၇ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၂၅၉ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

ထို့ပြင် နှလုံးပုံရိပ်ဖော်ရိုက်ကူးခြင်း (Echocardiography) ၁၀၉ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုကုသခြင်း ခြောက်ဦး၊ အူမကြီးမှန်ပြောင်း ကြည့်ရှုစစ်ဆေးခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း(CT scan) ၁၆ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၂၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၃၁၇ ခု၊ တယ်လီဗေးရှင်းဓာတ်မှန် (Ultrasound) ဖြင့် ရောဂါရှာဖွေခြင်း ၁၀၈ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၃၀၈ ဦး၊ ကျောက်ကပ်သန့်စင်ခြင်းဆောင်ရွက်နိုင်ရန် လည်ပင်းပင်မသွေးကြောအတွင်း ပိုက်လိုင်းထည့်သွင်းခြင်း (Neck Line Insertion) တစ်ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဆီးချိုနှင့် သွေးတိုးရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောမှုကိုလည်း ဆောင်ရွက်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် ကျိုင်းတုံမြို့နယ် သာမကရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ၊ "ဝ" အထူးဒေသ၊ မိုင်းလားအထူးဒေသတို့မှ ပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှုဆက်လက်ဆောင်ရွက်ရန်လိုအပ်သောလူနာ ၁၆ ဦးကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့သည်။

ကျိုင်းတုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)၏ အဖွဲ့ဝင်များဖြစ်ကြသော ဦးသန့်ဇင်ထွန်းနှင့် ဦးအောင်မြတ်သာ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့သည် ဩဂုတ် ၈ ရက်တွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ လာရောက်ပြသကုသမှုခံယူကြသော လူနာများအား အားပေးစကားပြောကြားကာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ဆေးကုသမှုများကို ကြည့်ရှုအားပေးပြီး ကျိုင်းတုံပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေနှင့်လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ရှိ တက္ကသိုလ်ရှင်းလင်းဆောင်ခန်းမ၌ လမ်းညွှန်မှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ မအူပင်မြို့နှင့် ပုသိမ်မြို့တို့ရှိ တက္ကသိုလ်များနှင့် ခရိုင်အားကစားကွင်း အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

❖ **ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဘာသာရပ်များကို မအူပင်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးအဖြစ် သင်ကြားပေးသွားရန်လို၊ သစ်ပင်များ ခုတ်ထွင်ခြင်းကြောင့် လေမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပိုမိုခံရနိုင်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးသွားကြရန်လိုပြီး လေကာပင်များဖြစ်သည့် အုန်းပင်များ၊ လမုတောပင်များနှင့် မန်ဂျန်ရှားပင်များအပါအဝင် အခြားသစ်ပင်များကို စိုက်ပျိုးဆောင်ရွက် . . .**

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် မအူပင်မြို့တို့ရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဟင်္သာတခရိုင်**
**အေးမြသာယာ ပြည်သူ့အားကစားကွင်း**

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် အေးမြသာယာ ပြည်သူ့အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဟင်္သာတခရိုင်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားသမားများ အဆင့်မီမီကစားနိုင်ရေး၊ ပွဲကြည့်ပရိသတ်များအဆင့်မီမီ ကြည့်ရှုနိုင်ရေးအတွက် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး စနစ်တကျတွက်ချက်တင်ပြဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ဟင်္သာတတက္ကသိုလ်**

ယင်းနောက် ဟင်္သာတတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ပင်မစာသင်ဆောင်သို့ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တက္ကသိုလ်၏ ဥပမိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပရဝဏ် သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးများအား အောက်ခြေရှင်း အလင်းဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)**

ထို့နောက် နိုင်ငံတော်သမ္မတသည် မအူပင်မြို့သို့ ရောက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုကြသည်။

ဆက်လက်၍ တက္ကသိုလ်ရှင်းလင်းဆောင်ခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေမျိုးအောင်တို့က တက္ကသိုလ်ဆိုင်ရာသမိုင်းအကျဉ်း၊ ပညာသင်နှစ်အလိုက် ကျောင်းသားလက်ခံနိုင်မည့် အင်အားလျာထားချက်၊ လက်ရှိတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မွေးမြူရေးသိပ္ပံဘွဲ့တို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး နောင်တွင် ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များအထိ သင်ကြားချီးမြှင့်ပေးသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ တက္ကသိုလ်သို့ ရောက်ရှိစဉ်လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ သင်ကြားရေးဆိုင်ရာနှင့် ပတ်သက်၍ တက္ကသိုလ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်ဆိုင်ရာများ၊ တက္ကသိုလ်၏ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ပညာသင်နှစ်အလိုက် ကျောင်းတက်ရောက်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ ကျောင်းသားများတက်ရောက်မှု၊ သုတေသနနယ်ပယ်အလိုက် ဆောင်ရွက်သွားမည့်အစီအမံများ၊ တက္ကသိုလ်၏ အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များ၊ စိုက်ပျိုးရေးဘာသာရပ် လက်တွေ့စိုက်ကွင်းများနှင့် သုတေသနဆောင်ရွက်မှုများ၊ မွေးမြူရေးဘာသာရပ် သရုပ်ပြမွေးမြူရေးခြံများနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်းဆောင်ရွက်မှုများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်၍ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်က မအူပင်မြို့သို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟင်္သာတတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေးစဉ်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများနှင့်ပတ်သက်၍ မဟာဘွဲ့သင်တန်းများ သင်ကြားပေးနိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သဖြင့် အရည်အချင်းနှင့် ထူးချွန်ထက်မြက်သည့် သင်တန်းဆင်းပညာရှင်များ ထွက်ပေါ်လာစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ ထွက်ပေါ်လာစေရေး စနစ်တကျသင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရေအတွက်များများ သင်ကြားပေးခြင်းထက် အရည်အသွေးပြည့်ဝသည့် သင်တန်းဆင်းများ ပေါ်ထွက်ရေးကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တက္ကသိုလ်အတွင်း အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့်ပတ်သက်၍ နှစ်အလိုက် စနစ်တကျလျာထား၍ တည်ဆောက်ရေးလုပ်ငန်းများကို နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို အောက်မြန်မာပြည်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အောက်မြန်မာပြည်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းသည့်သီးနှံများနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျဆောင်ရွက်သွားကြရန်လိုပြီး မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးဆောင်ရွက်ပေးရမည်၊ မြေကိုစနစ်တကျပြုပြင်ပေးရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများရရှိစေရေး ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို မည်ကဲ့သို့အကျိုးရှိအောင်

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် အေးမြသာယာပြည်သူ့အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ရယူအသုံးချရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည်ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်းများနှင့် ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး စနစ်တကျဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ရေပေးဝေခြင်းစနစ်များကို ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျသင်ကြားပေးရန်လိုပြီး တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျသည့် စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြက်၊ ဘဲ၊ ဝက်၊ နွားနှင့် ငါးတို့ကို အဓိကမွေးမြူကြသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိအောင် အကျိုးပြုနိုင်သည့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးသွားရန်လိုကြောင်း၊ ငါးမွေးမြူရာတွင် ရေငန်နှင့် ရေချိုဟူ၍ နှစ်မျိုးရှိပြီး အခြားတိုင်းဒေသကြီးများတွင် ရေငန်နှင့် ရေချိုငါးများကို မည်ကဲ့သို့မွေးမြူမည်ကို သင်ကြားပေးရန်လိုကြောင်း၊ ဒေသန္တရကြက်အပါအဝင် အသားစားကြက်နှင့် ဥစားကြက်များ နည်းစနစ်တကျမွေးမြူသည့် ပညာရပ်များကို သင်ကြားပေးရန်လိုသကဲ့သို့ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း၊ စာတွေ့နှင့် လက်တွေ့များကို အဓိကသင်ကြားပေးရန်လိုကြောင်း၊ နောင်အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံများကိုလည်း ကောလိပ်အဆင့်သို့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးဘာသာရပ်သင်ကြားသည့် ကျောင်းသား ကျောင်းသူများ များပြားလာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

**❒ နောင်အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်၊ အလားတူ စိုက်ပျိုးရေးသိပ္ပံများကိုလည်း ကောလိပ်အဆင့်သို့ ဖွင့်လှစ်သင်ကြားပေးသွားမည်၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်**

တက္ကသိုလ်အတွက် မဖြစ်မနေလိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားရေးဆရာ၊ဆရာမများအတွက် အဆောက်အအုံများကို စနစ်တကျ တည်ဆောက်သွားကြရန်လိုကြောင်း၊ ကျောင်းအတွက်လိုအပ်သည့် စာသင်ဆောင်များ၊ စာကြည့်တိုက်များနှင့် ဓာတ်ခွဲခန်းများကို မဖြစ်မနေတည်ဆောက်သွားရန်လိုကြောင်း၊ တက္ကသိုလ်၏ အင်္ဂါအသက်ဖြင့် တက္ကသိုလ်ပညာကိုသင်ကြားနိုင်ရေးဆောင်ရွက်ပေးကြရန်လိုပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးမြောက်၍ တက္ကသိုလ်ပညာ လာရောက်သင်ကြားကြသူများသည် လူလားမြောက်သည့်အရွယ်များ၊ အသက်အရွယ်တူညီကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ စာသင်ဆောင်များစနစ်တကျရှိရန်၊ အိပ်ဆောင်များစနစ်တကျရှိရန်နှင့် စားသောက်ရန်နေရာများ စနစ်တကျရှိရန် တာဝန်ရှိသူများက စေတနာထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ကြားပြီးဆုံးချိန်တွင် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ဝင်ရောက်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များမှ ဘွဲ့ရရှိသူများကို တင်စားပြောရမည်ဆိုပါက မန်နေဂျာများ မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ဘွဲ့ရရှိကြသူများအား ဦးစီးအရာရှိနှင့် ဦးစီးမှူးရာထူးများကို တာဝန်ပေးအပ်ကြခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများတွင် မန်နေဂျာများသည် လုပ်ငန်းများ၏ အဓိကနေရာများတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ယူဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်ပညာသင်ကြားချိန်တွင် အခြေခံကောင်းများ ရရှိစေရေး သင်ကြားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများသည်လည်း ကောင်းမွန်သည့်အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့ရသူများဖြစ်ပါက ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ကောင်းမွန်သည့် အသိုင်းအဝိုင်းကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး တော်သည့်၊ ကောင်းသည့် လူငယ်များဖြစ်အောင် သင်ကြားပြသပေးကြရန်လိုကြောင်း၊ တက္ကသိုလ်မှ ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဆိုပါက ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာရပ်ကို သင်ကြားကြသည်ဖြစ်စေ ဘာသာရပ်အလိုက် တော်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူတိုင်းအဆင့်တစ် မဖြစ်နိုင်သော်လည်း တော်သည့် တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်တွင် ကျောင်းသားနှင့် ဆရာအချိုးမှာ ကိုက်ညီမှုရှိသဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်ရှည်ပင်အတွက် ရော်ဘာနှင့် သရက်ကို အဓိကထား ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုတက္ကသိုလ်မှ မဟာတန်းဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မအူပင်ခရိုင်နှင့်ပတ်သက်၍ မအူပင်ခရိုင်အတွက် လိုအပ်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ ခရိုင်အတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် စပါး၊ ပဲ၊ ပဲပုပ်နှင့် နေကြာစိုက်ပျိုးခြင်းများကို အထွက်နှုန်းပိုမိုကောင်းမွန်ပြီး အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတက္ကသိုလ်နှင့်ပူးပေါင်း၍ စိုက်ပျိုးမြေများ စနစ်တကျရှိစေရေး အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရေကြီးကွင်းနှင့် ရေနက်ကွင်းများကို စနစ်တကျကွင်းဆင်းသုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းနေရာများတွင် ငါးကန်များနှင့် လယ်ယာမြေများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ငါး ပုစွန်မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဘာသာရပ်များကို မအူပင်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးအဖြစ် သင်ကြားပေးသွားရန်လိုကြောင်း၊ သစ်ပင်များ ခုတ်ထွင်ခြင်းကြောင့် လေမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပိုမိုခံရနိုင်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ လေကာပင်များဖြစ်သည့် အုန်းပင်များ၊ လမုတောပင်များနှင့် မန်ဂျန်ရှားပင်များအပါအဝင် အခြားသစ်ပင်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်များရှိမှသာ လေမုန်တိုင်းဒဏ်များကို ခံနိုင်မည်ဖြစ်ကြောင်း၊ လူ၏ကြိုတင်ပြင်ဆင်မှုဖြင့် သဘာဝဘေးဒဏ်ကို ထိုက်သင့်သလောက်ကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် လေကာသစ်ပင်များကို အတန်းလိုက် မဖြစ်မနေစိုက်ပျိုးသွားကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် ရေစီးဆင်းမှုများ ကောင်းမွန်စေရေး မြစ်ချောင်းများအတွင်း ဖြစ်ပေါ်လျက်ရှိသည့် သဲသောင်များအား ရှင်းလင်းသွားရန်လိုကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ ချောင်း၊ မြောင်းများတွင် ပိတ်ဆို့မှုများမရှိစေရေး၊ ချောင်းများ၊ မြောင်းများ တိမ်ကောခြင်းမဖြစ်စေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ပရဝုဏ်နှင့် ကျောင်းဆောင်သစ် တည်ဆောက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေးတာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့်ပုသိမ်တက္ကသိုလ်**

အလားတူ နိုင်ငံတော်သမ္မတသည် ဩဂုတ် ၈ ရက်နေ့ကလည်း နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့် ပုသိမ်တက္ကသိုလ်တို့သို့သွားရောက်၍ တက္ကသိုလ်ပရဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို တက္ကသိုလ်အဆင့်နှင့်လျော်ညီသည့် သန့်ရှင်းသာယာလှပမှုများဖြစ်စေရေးဆောင်ရွက်ရန်၊ တက္ကသိုလ်အတွင်း အုပ်ဆိုင်းလျက်ရှိသည့် သစ်ပင်ကြီးများအား အလင်းဖွင့် ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

■ *ရွှေ့ဖုံးမှ*

အဆိုပါ Placement Test စာမေးပွဲကို ယနေ့နံနက် ၉ နာရီတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ သတ်မှတ်ထားသောစာဖြေဌာနများတွင် ကျင်းပသည်။

**လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး**

ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးတို့က လှည့်လည်ကြည့်ရှုအားပေး၍ စာမေးပွဲဖြေဆိုပြီးချိန်တွင် ကျောင်းသား ကျောင်းသူများအတွက် အချိုရည်နှင့်



စားသောက်ဖွယ်ရာများ ပေးဝေကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (အပေါ်ပုံ) **သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# (၁၆) ကြိမ်မြောက် အာခါရိုးရာ စုပေါင်း “ရဲခူအာဖွေ” ဒန်းစီးပွဲတော်နှင့် အူးဖူဒေ့ကျေးရွာတည်ခြင်းနှစ်(၃၀)ပြည့် အခမ်းအနားကျင်းပ



မိုင်းဆတ် ဩဂုတ် ၉

(၁၆)ကြိမ်မြောက် အာခါရိုးရာစုပေါင်း “ရဲခူအာဖွေ” ဒန်းစီးပွဲတော်နှင့် အူးဖူဒေ့ကျေးရွာ တည်ခြင်းနှစ်(၃၀) ပြည့်အခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်အုပ်စု အူးဖူဒေ့ ကျေးရွာ၌ ကျင်းပသည်။

အာခါရိုးရာ စုပေါင်း“ရဲခူအာဖွေ”ဒန်းစီးပွဲတော် သည် အာခါတိုင်းရင်းသားများ၏ ထူးကဲမွန်မြတ်သော ရိုးရာဓလေ့ပွဲတော်ဖြစ်သည်နှင့်အညီ မိုင်းဆတ် မြို့နယ်အတွင်းရှိ အာခါမျိုးနွယ်စု တိုင်းရင်းသား များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း၊ အဆိုပါပွဲတော် သည် ဒေသတွင်းတိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထိန်းသိမ်းစောင့်ရှောက်ရေး နှင့် ပွဲတော်အခြေပြု ခရီးသွားကဏ္ဍမြှင့်တင်ရေးတို့ အတွက် များစွာအထောက်အကူပြုစေမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ် ဝန်ကြီးများ၊ အာခါမျိုးနွယ်စုတိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြပြီး (၁၆) ကြိမ်မြောက် အာခါရိုးရာ “ရဲခူအာဖွေ” ဒန်းစီးပွဲတော်နှင့် နှစ်(၃၀) ပြည့် အူးဖူဒေ့ ကျေးရွာတည်ခြင်းအထိမ်းအမှတ် ကွန်ကရစ်ရင်ပြင် နှင့် လမ်းတို့ကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ “ရဲခူအာဖွေ” ဒန်းစီးပွဲတော်နှင့် စပ်လျဉ်း၍ အာခါတိုင်းရင်းသားအကြီးအကဲက ရှင်းလင်းတင်ပြပြီး ဒန်းတော်ကို အာခါရိုးရာဓလေ့ ထုံးတမ်းနှင့်အညီ မင်္ဂလာပြုစီးနင်း၍ ပြည်ထောင်စု ဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက အူးဖူဒေ့ကျေးရွာတည်ခြင်း နှစ်(၃၀)ပြည့် မင်္ဂလာကျောက်စာတိုင်ကို အမွှေး နံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအနေဖြင့် တိုင်းရင်းသားများ၏ ထူးခြားလေးနက်သည့် ပွဲတော်များကို ဖော်ထုတ် မြှင့်တင်ပေးလျက်ရှိရာ နိုင်ငံတကာခရီးသွားများသိရှိ ပြီး တိုင်းရင်းသားများနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရရှိကာ ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများတိုးပွားလာမည် ဖြစ်သကဲ့သို့ ဒေသခံလူထုအတွက်လည်း ခရီးသွား လုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့် အလမ်းနှင့် ဝင်ငွေများတိုးတက်ရရှိကာ လူနေမှု အဆင့်အတန်းမြင့်မားရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေးအတွက် အခွင့်အလမ်း ကောင်းများရရှိမည်ဖြစ်ကြောင်း အမှာစကားပြော ကြားခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး အူးဖူဒေ့ကျေးရွာနှင့်စပ်လျဉ်းသည့် ရပ်ရွာသမိုင်း ကြောင်းနှင့် အချက်အလက်များကို ရှင်းလင်းတင်ပြ၍ အာခါတိုင်းရင်းသားအကြီးအကဲက နှုတ်ခွန်းဆက် စကားပြောကြားကာ ရဲခူအာဖွေဒန်းစီးပွဲတော် အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခြင်း၊ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ယဉ်ကျေးမှုအက၊ တေးသံသာများဖြင့်တင်ဆက်ခြင်း၊ (၁၆) ကြိမ်မြောက် အာခါရိုးရာ စုပေါင်း “ရဲခူအာဖွေ” ဒန်းစီးပွဲတော်အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသသည် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေသည့် ပထဝီဝင်အနေအထားအရ အိမ်နီးချင်း ထိုင်းနိုင်ငံ သား ခရီးသွားဧည့်သည်များ အများဆုံးလာရောက် လည်ပတ်ကြသည့် ဒေသတစ်ခုဖြစ်ကြောင်းနှင့် ယခုကဲ့သို့ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပွဲတော်ကို ကျင်းပခြင်းဖြင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့များကို ဖော်ထုတ်နိုင်ရုံသာမက နိုင်ငံ၏ ခရီး သွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတရုံး ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်၊ အသားတိုးကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိပြီး လျှိုပိတ်တမံတွင် ငါးများမွေးမြူထားရှိ

နေပြည်တော် ဩဂုတ် ၉

ချောင်းမကြီးဆည်အနီး မြေ ၂၂ ဧကပေါ်တွင်နေပြည်တော်စည်ပင် သာယာရေး ကော်မတီနှင့် ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ် ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် နိုင်ငံတော်သမ္မတရုံး ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် ဥစားကြက်၊ အသားတိုးကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိ ပြီး လျှိုပိတ်တမံတွင် ငါးများ မွေးမြူထားကြောင်း သိရသည်။



အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်းကို ယနေ့နံနက်ပိုင်း က နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ဒုတိယ မြို့တော်ဝန် ဦးဝင်းမိုးခိုင်၊ နေပြည် တော် ကောင်စီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဥတ္တရသီရိဆည်သို့ ရောက်ရှိပြီး ယခုဇူလိုင်လ စတုတ္ထ အပတ်မှစတင်ကာ တမံလှောင် ရေပြည့်မှတ်သို့ရောက်ရှိပြီး ရေပို လွှဲမှ ခြောက်လက်မခန့် ရေကျော် စီးဆင်းလျက်ရှိနေမှု အခြေအနေ များကို ကြည့်ရှု၍ မြို့တော်ဝန်က တမံပြုပြင်ထားရှိသော ဆည်ဖြစ် သည့်အတွက် တမံမြေသားအခြေ အနေကို အမြဲမပြတ်စစ်ဆေးနေ ရန်၊ ရေပိုလွှဲလမ်းကြောင်း ရေစီး ရေလာ ကောင်းမွန်စေရေး သက်ဆိုင်ရာဌာနများက ဆောင် ရွက်ရန်လိုအပ်ကြောင်း မှာကြား သည်။

ဆက်လက်၍ ချောင်းမကြီး ဆည်သို့ ရောက်ရှိစစ်ဆေးပြီး နေပြည်တော် မြို့ပြရေပေးဝေရေး အတွက် ယခုလက်ရှိအခြေအနေ တွင် ချောင်းမကြီးဆည်သည် အဓိကနေရာတွင်ရှိသည့်အတွက် ဆည်ကြံ့ခိုင်ရေးကို စစ်ဆေးမှုပုံစံ များအတိုင်း စနစ်တကျစစ်ဆေး ရန်၊ ရေပြည့်မှတ်ရောက်ရှိရန် အမြင့်ပေ လိုအပ်နေသေးသော် လည်း ရေပိုလွှဲနှင့် ရေလမ်း ကြောင်းများ ရှင်းလင်းထားရန်၊ သောက်သုံးရေ ပေးဝေနေသော ဆည်ဖြစ်သည့်အတွက် လုံခြုံရေး အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ရောဝတီတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် နှင့် ကျုံပျော်မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများနှင့် ကျောင်းကုန်းမြို့ ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဟင်္သာတ ခရိုင်ရုံး၌ ခရိုင်ဦးစီးရုံးနှင့် ဝန်ထမ်း များ၊ လေးမျက်နှာ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာနှင့် ဝန်ထမ်းရေးရာ များ မှာကြားပြီး လေးမျက်နှာ မြို့နယ် ရေဘေးသင့်ဝန်ထမ်းများ အတွက် စားသောက်ဖွယ်ရာများ နှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဟင်္သာတထပ်ဆင့် လွှင့်စက်ရုံ၊ ဇလွန်မြို့နယ်နှင့် ဓနုဖြူ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးရုံးများကို ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။ **သတင်းစဉ်**



ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

*ကျောဖုံးမှ*

တတိယမြောက် ဦးဆောင်ဂိုးရရှိ ခဲ့ပြီး ပြိုင်ဘက်ရှမ်းယူနိုက်တက် အသင်းကို သုံးဂိုး - ဂိုးမရှိ ရလဒ် ဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ရာသီ ဝက်နောက်ဆုံးပွဲစဉ်ကို အကောင်း ဆုံး အဆုံးသတ်နိုင်ခဲ့သည်။ ယနေ့ပွဲတွင် ဧရာဝတီအသင်းမှ နော်ထက်ထက်ဝေက AYA PAY Player Of The Match (ပွဲစဉ် တစ်လျှောက်အကောင်းဆုံးကစား သမား)ဆုကို ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ မြဝတီအသင်း နှင့် ဖွဲကပင်ယူနိုက်တက်အသင်း ပွဲစဉ်တွင် မြဝတီအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ သည်။ မြဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် မြနှင်းဝေက သွင်းယူပေးခဲ့ပြီး ပွဲပြီးဆုံးချိန်ထိ အဆိုပါဦးဆောင်ဂိုးကို အမှား အယွင်းမရှိ ထိန်းသိမ်းကစားသွား နိုင်ခဲ့သည့်အတွက် ရမှတ် ၃ မှတ် အပြည့် ရရှိခဲ့သည်။

ယနေ့ပွဲတွင် မြဝတီအသင်းမှ အိတာရာက AYA PAY Player Of The Match (ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမား)ဆုကို ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MWL**

# ရွှေရောင်လွင်ပြင်မှသည် ကမ္ဘာ့ဈေးကွက်ဆီသို့ မြန်မာ့ပဲမျိုးစုံကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေး အားလုံးရှက်ဆောင်ပေး

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေခံစီးပွားရေးတွင် ပဲမျိုးစုံကဏ္ဍသည် ဆန်စပါးပြီးလျှင် ဒုတိယအရေးအကြီးဆုံးဖြစ်ရုံမျှမက ပြည်ပပို့ကုန်တွင်လည်း အမျိုးသား အဆင့် အရေးပါဆုံးဖြစ်သည်။ ပဲမျိုးစုံသီးနှံသည် စိုက်ပျိုးရလွယ်ကူခြင်း၊ သီးနှံပုံစံမျိုးစုံဖြင့် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။ ပဲမျိုးစုံသီးနှံကို စုစုပေါင်းသီးနှံစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိပါသည်။**

**ဒေါက်တာပပဝင်း(စိုက် / သု)**

ပဲအမျိုးအစားပေါင်း များစွာရှိသည့်အနက် အဓိက စိုက်ပျိုးသည့် ပဲမျိုးပေါင်း ၁၈ မျိုးခန့်ရှိပါသည်။ ယင်းတို့မှာ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲလွမ်း၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲ၊ ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ပဲရာဇာ၊ မြေထောက်ပဲ၊ ပဲနောက်၊ ပဲကျား၊ ပဲဖြူလေး၊ ဗိုလ်ကိတ်ပဲ စသည်တို့ ဖြစ်ကြသည်။ အဆိုပါပဲမျိုးများအနက် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်၊ ကုလားပဲ၊ ပဲစင်းငုံတို့ကို အဓိက စိုက်ပျိုး ကြပါသည်။

ပဲသီးနှံသည် အသားဓာတ်နှင့် အမျှင်ဓာတ်များ ကြွယ်ဝသောကြောင့် ကျန်းမာရေးအာဟာရတန်ဖိုး အရ အရေးပါသော သီးနှံလည်းဖြစ်သည်။ ပဲမျိုး အလိုက် အသားဓာတ်ပါဝင်မှုမှာ ပဲပုပ် ၃၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ကုလားပဲ ၂၀ -၂၅ ရာခိုင်နှုန်း နှင့် ပဲတီစိမ်း ၂၁ ရာခိုင်နှုန်းခန့်တို့ ရှိကြပါသည်။ ပြည်ပပို့ကုန် ပဲမျိုးစုံ၏ ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်း ခန့်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်လည်း တင်ပို့ လျက်ရှိပါသည်။ ပြောင်းလဲလာသည့် ရာသီဥတု ဆိုင်ရာ စိန်ခေါ်မှုများ၊ အိမ်နီးချင်းနိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်မှုပုံစံ ပြောင်းလဲလာမှုများနှင့် ကမ္ဘာ့ ဈေးကွက်၏ တင်းကျပ်သော အရည်အသွေး သတ်မှတ်ချက်များကြောင့် မြန်မာ့ပဲမျိုးစုံကဏ္ဍ ရေရှည်ခိုင်မာမှု အားကောင်းစေရန်အတွက် "သုတေ သန၊ ထုတ်လုပ်ရေးနှင့် ဈေးကွက်တင်ပို့မှု" ဟူသော ဒေါက်တိုင်ကြီးသုံးရပ်ကို အကွက်ကျကျ ချိတ်ဆက် မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။



### သုတေသနစွမ်းအားဖြင့် ပဲမျိုးစုံကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု

ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပထမ ဆုံးနှင့် အရေးကြီးဆုံးအချက်မှာ သုတေသနလုပ်ငန်း များကို စဉ်ဆက်မပြတ် တွန်းအားပေးရန်ဖြစ်သည်။ ယခုလတ်တလော တောင်သူများ စိုက်ပျိုးလျက်ရှိ သည့် မျိုးများထက်ပြောင်းလဲလာသော ရာသီဥတု၊ ပိုးမွှား၊ ရောဂါဒဏ်ခံနိုင်သည့် မျိုးများ၊ သီးထပ် စွမ်းအားမြင့်မားရန် သက်တမ်းတို၊ တစ်ပြိုင်တည်း ရင့်မှည့်ပြီး စက်ဖြင့်ရိတ်သိမ်းရန် လွယ်ကူသည့် အထွက်နှုန်းကောင်း၊ ဈေးကွက်ဝင် အရည်အသွေး ကောင်းသောမျိုးများကို ခေတ်မီဇီဝနည်းပညာနှင့် သမားရိုးကျ မျိုးကူးစပ်မွေးမြူရွေးချယ်ခြင်း နည်းလမ်းများ ပေါင်းစပ်ကာ သုတေသနပြုမွေးမြူ ထုတ်လုပ်သွားရမည်ဖြစ်ပါသည်။

သုတေသနများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် အတွက် သုတေသီများ၏ စွမ်းဆောင်ရည်မြှင့်တင် ခြင်း၊ သုတေသနစရိတ်အပါအဝင် သုတေသန အခြေခံအဆောက်အအုံများ တိုးမြှင့်ဖြည့်ဆည်းခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့များနှင့် ချိတ်ဆက်၍ ပဲမျိုးစုံ ဗီဇအရင်းအမြစ်များ စုဆောင်းခြင်း၊ ဈေးကွက်ခိုင်မာ မှုရှိရန် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဒေသတွင်း သုတေသနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများ မှ သုတေသနရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင် မည့် ပတ်ဝန်းကျင်များဖြစ်ရန် ဖန်တီးပေးခြင်း၊ သုတေသီများနှင့် စိုက်ပျိုးထုတ်လုပ် ရောင်းဝယ် ဖောက်ကားသူများအကြား အကြားအလပ်မရှိ အချိတ်အဆက်မိမိရှိနေခြင်း အစရှိသည့်အချက်များ သည် အလွန်အရေးကြီးသည့် အချက်များဖြစ်ပါ သည်။

### ထုတ်လုပ်မှုကွင်းဆက် စနစ်ကျန အားကောင်းရန် ဆောင်ရွက်ခြင်း

သုတေသနတွေ့ရှိချက်များ မည်မျှပင် ကောင်းမွန် စေကာမူ တောင်သူများလက်ဝယ် သုတေသန ရလဒ်များ အမြန်ရောက်ရှိပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်အတွက် စနစ်ကျသော မျိုးစေ့စီးဆင်းမှု စနစ်ကို အားကောင်းအောင်ဆောင်ရွက်ခြင်း၊ မျိုးစေ့ ထုတ် တောင်သူအစုအဖွဲ့များအား ထူထောင်ပြီး မျိုးစေ့အရည်အသွေး ထိန်းသိမ်းပွားများ ထုတ်လုပ် သည့် နည်းစနစ်ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကျင့်သုံးလိုက်နာစေခြင်း၊ မျိုးသစ်များ အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း များ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံး လာစေရန် တောင်သူနည်းပညာပေးခြင်းနှင့် ကွင်းသရုပ်ပြခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ် ဆောင်ရွက်ရပါမည်။

### ပြည်တွင်းပြည်ပ ဈေးကွက် ရှာဖွေရေးနှင့် အရည်အသွေး အာမခံချက်

စိုက်ပျိုးထွက်ရှိလာသော ပဲများကို တန်ဖိုးမှန်၊ ဈေးနှုန်းမှန်ဖြင့် အချိန်မီရောင်းချနိုင်ရေးသည် ကဏ္ဍ တစ်ခုလုံး ရှင်သန်ရေးအတွက် အသက်သွေးကြော ဖြစ်သည်။ ပြည်ပဈေးကွက်ကြီးများ (ဥပမာ-အိန္ဒိယ၊ တရုတ်၊ ဂျပန်နှင့် ဥရောပသမဂ္ဂ)သို့ တင်ပို့ရာတွင် အဓိကအတားအဆီးမှာ ဓာတုဆေးများ ဓာတ်ကြွင်း ကျန်သည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးချိန်မှ စ၍ ရိတ်သိမ်းချိန်လွန် ကိုင်တွယ်မှုအထိ စနစ်တကျ ရှိစေရန် ပညာပေးခြင်း၊ ခေတ်မီဓာတ်ခွဲခန်းများ ဖြင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို အဆင့်မြှင့်တင်ရပါမည်။

မြန်မာ့ပဲမျိုးစုံသည် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား နှင့် မူဝါဒအပြောင်းအလဲအပေါ်တွင် များစွာမှီခိုနေ သောကြောင့် အစိုးရအချင်းချင်း သဘောတူညီချက် များကို ခိုင်မာအောင် လုပ်ဆောင်ခြင်း၊ အာဆီယံ ဒေသတွင်း၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပဈေးကွက် သစ်များသို့ တိုးချဲ့ထိုးဖောက်ခြင်းတို့ကို ကုန်သွယ်မှု မူဝါဒရေးရာအရ ဗျူဟာမြောက် ဆောင်ရွက်ရပါမည်။

### လယ်ယာထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန်ဆီသို့

ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် ပြည်တွင်း၌ ပဲခွဲခြမ်းစက်ရုံများ၊ အဆင့်မြှင့်သန့်စင်စက်ရုံများ၊ ပဲမှုန့်နှင့် ပဲအခြေခံ အသင့်စားအစားအစာ ထုတ်လုပ် သည့် အသေးစားစက်မှုလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှုကို အားပေးခြင်းဖြင့် ပြည်တွင်း၌ အလုပ် အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပို့ကုန် တန်ဖိုးကို မြှင့်တင်နိုင်မည်ဖြစ်သည်။

### ပဲတီစိမ်းနှင့် မတ်ပဲ

ပဲတီစိမ်းသီးနှံကို စုစုပေါင်း ပဲသီးနှံစိုက်ဧရိယာ၏ ၃၀ ရာခိုင်နှုန်းခန့်စိုက်ပျိုးပြီး မိုးရာသီတွင် ၄၂ ရာခိုင် နှုန်းနှင့် မိုးနှောင်းရာသီတွင် ၅၈ ရာခိုင်နှုန်း စိုက်ပျိုး ပါသည်။ စိုက်ပျိုးထုတ်လုပ်မှု၏ ၃၈ ရာခိုင်နှုန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ၃၀ ရာခိုင်နှုန်းကို မကွေး တိုင်းဒေသကြီး၊ ၂၁ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသ ကြီးတို့တွင် စိုက်ပျိုးကြသည်။ မတ်ပဲသီးနှံကိုမူ မိုးနှောင်းရာသီတွင် အများဆုံးစိုက်ပျိုးပြီး ပဲခူးတိုင်း ဒေသကြီးတွင် ၄၃ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသ ကြီးတွင် ၄၂ ရာခိုင်နှုန်းနှင့် နေပြည်တော်အပါအဝင် အခြားဒေသများတွင် ၁၀ ရာခိုင်နှုန်းကျော် စိုက်ပျိုး သည်။

**မြေအမျိုးအစားနှင့် စိုက်ချိန်။** မြေချဉ်ငန်ဓာတ် ၆ ဒသမ ၅-၇ ဒသမ ၀ ရှိသော နုန်းမြေနှင့် သဲနုန်း မြေ အမျိုးအစားတွင် စိုက်ပျိုးနိုင်ပါသည်။ ပဲတီစိမ်း သီးနှံကို မိုးကြို (ဖေဖော်ဝါရီလလယ် - မတ်လ)၊ မိုးရာသီ (မေလ - ဇွန်လလယ်)၊ မိုးလယ် (ဇူလိုင်လ- ဩဂုတ်လ)၊ မိုးနှောင်း(အောက်တိုဘာလလယ် - နိုဝင်ဘာလလယ်)နှင့် မတ်ပဲသီးနှံကို အဝါရောင်မိုစေ့ ရောဂါသက်သာစေရန် နိုဝင်ဘာ ဒုတိယပတ်အတွင်း စိုက်ပျိုးသင့်ပါသည်။

**မျိုးစေ့နှုန်းထားနှင့် အပင်ဦးရေ။** အပင်ပေါက် ၈၅-၉၀ ရာခိုင်နှုန်းအထက်ရှိသော မျိုးကိုသုံးပါ။ ပဲတီစိမ်း (၄-၅ ပြည်/ဧက)၊ မတ်ပဲ (၈-၁၀ ပြည်/ဧက) နှုန်းဖြင့် ပင်ကြား ၁ ဒသမ ၅ ပေ၊ တန်းကြား လေးလက်မဖြင့် တစ်ဧက အပင်ဦးရေ တစ်သိန်းခန့် ဝင်ဆံ့အောင် စိုက်ပျိုးရပါမည်။

**မျိုးရွေးချယ်ခြင်း။** အဝါရောင်မိုစေ့ရောဂါဒဏ်ခံနိုင် ပြီး ဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေ ရှိသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရပါမည်။ ပဲတီစိမ်းတွင် မိမိဒေသ နှင့် သင့်တော်မည့် ရေဆင်း-၁၊ ရေဆင်း-၉၊ ရေဆင်း- ၁၁၊ ရေဆင်း-၁၄၊ ရေဆင်း-၁၅ နှင့် ရေဆင်း-၁၆ မျိုးများကို စိုက်ပျိုးနိုင်ပါသည်။ မတ်ပဲတွင် ရေဆင်း- ၂၊ ရေဆင်း-၃၊ ရေဆင်း-၄၊ ရေဆင်း-၅၊ ရေဆင်း-၆၊ ရေဆင်း-၇၊ ဟသ်ာတ/မိုးညိုလုံးကြီးနှင့် ပုလဲထွန်း တို့ကို စိုက်ပျိုးနိုင်ပါသည်။

**မြေဩဇာနှုန်းထား။** ယူရီးယား ၂၈ ပေါင်၊ တီစူပါ ၅၆ ပေါင်၊ ပိုတက်ရှ် ၂၈ ပေါင်၊ နွားချေးလှည်း ၅-၁၀ စီး မြေခံထည့်ပါ။ မစိုက်ပျိုးမီ ပဲမြစ်ဖုဇီဝမြေဩဇာ (ရိုင်ဇိုဘီယမ်) ၂၀၀ ဂရမ် (တစ်ထုပ်)ကို လူးနယ်ပြီးမှ စိုက်ပျိုးပါ။ အစေ့အဆန်ကောင်းစွာ ဖြည့်တင်းရန် ဆာလဖာ (၅ရာခိုင်နှုန်း)ပါဝင်သော လချေးကျောက် မှုန့် မြေဩဇာကို တစ်ဧကလျှင် ပြည် ၂၀ နှုန်း စိုက်ချိန် တွင် ထည့်သင့်သည်။

**အပင်ပြုစုစောင့်ရှောက်ခြင်း။** အပင်ငယ်စဉ် မှိုသတ် ဆေးလူးနယ်ခြင်းနှင့် မြေအောင်းပိုး၊ ပင်စည်ထိုး ယင်အတွက် မြေအောင်းပိုးသတ်ဆေး ၃ ကီလိုဂရမ် ကို စိုက်ကြောင်းတွင်ထည့်ပါ။ ပင်စည်ထိုးယင်၊ ရွက်လိပ်ရွက်ကပ်၊ ငမြှောင်တောင်၊ ခူမွေးရှည်၊ ပွင့်ထွေးရွက်ထွေးပိုးနှင့် သီးလုံးဖောက်ပိုးများကို ကာကွယ်ပါ။ လိုအပ်ပါက ပန်းမပွင့်မီနှင့် သီးတောင့် ဖြစ်ချိန်တွင် ရေတစ်ကြိမ်စီ သွင်းပါ။

**ရိတ်သိမ်းခြင်း။** သီးတောင့် ၈၀-၉၀ ရာခိုင်နှုန်း ရင့်မှည့်ချိန်တွင် ရိတ်သိမ်းပါ။ ပဲတီစိမ်းကို အနည်း ဆုံး နှစ်ကြိမ် ဆွတ်ခူးပြီး မတ်ပဲကို ၉၀ ရာခိုင်နှုန်း ရင့်မှည့်ချိန်တွင် ရိတ်သိမ်းခြွေလှေ့ပါ။

### ပဲပုပ်သီးနှံ

ပဲပုပ်သည် အသားဓာတ် ၄၀ ရာခိုင်နှုန်းနှင့် အဆီ ဓာတ် ၂၀ ရာခိုင်နှုန်း ပါဝင်သော အာဟာရပြည့် သီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးဆီနှင့် တိရစ္ဆာန်အစာ (နှစ်စဉ် တင်သွင်းနေရမှု မက်ထရစ် တန် ၆၀၀၀၀၀ ခန့် လျှော့ချတင်သွင်းနိုင်ရန်)အတွက် အရေးပါသည်။ ရှမ်းပြည်နယ်တွင် စုစုပေါင်းစိုက်ဧရိယာ၏ ၅၀ ရာခိုင်နှုန်းကျော်၊ ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသ ကြီးတို့တွင် ၁၀ ရာခိုင်နှုန်းကျော်၊ ကချင်၊ ကယား၊ ကရင်ပြည်နယ်တို့တွင် ၂၀ ရာခိုင်နှုန်းကျော် စိုက်ပျိုး သည်။

**မြေအမျိုးအစားနှင့် စိုက်ချိန်။** မြေချဉ်ငန်ဓာတ် ၆ ဒသမ ၀ - ၆ ဒသမ ၅ ရှိသော သဲနုန်း သို့မဟုတ် နုန်းမြေစေး အမျိုးအစားတွင် စိုက်ပျိုးရပါမည်။ ရေဝပ်ခြင်းကို လုံးဝမနှစ်သက်ပါ။ မိုးရာသီ (မေလ လယ် - ဇွန်လလယ်) နှင့် ဆောင်းရာသီ (အောက်တို ဘာလလယ် - နိုဝင်ဘာလလယ်)(အအေးမလွန်မီ) တို့တွင် စိုက်ပျိုးရပါမည်။

**မျိုးစေ့နှုန်းထားနှင့် အပင်ဦးရေ။** အပင်ပေါက် ၈၀-၈၅ ရာခိုင်နှုန်းအထက်ရှိသော ရေဆင်း-၃၊ ရေဆင်း-၅၊ ရေဆင်း-၆၊ ရေဆင်း-၁၁၊ ရေဆင်း-၁၂၊ ရေဆင်း- ၁၄၊ ရေဆင်း-၁၅ စသည့်မျိုးများ အသုံးပြု ပါ။ တန်းကြား ၁ ဒသမ ၅ ပေ၊ ပင်ကြား ၃-၄ လက်မ တွင် မျိုးစေ့နှုန်းထား ၁၂-၁၅ ပြည် /ဧကနှုန်းဖြင့် တစ်ဧက အပင်ဦးရေ (၁ ဒသမ ၅ - ၂) သိန်းခန့် ဝင်ဆံ့အောင် စိုက်ပျိုးရပါမည်။

**မြေဩဇာနှုန်းထား။** ယူရီးယား ၂၈ ပေါင်၊ တီစူပါ ၅၆ ပေါင်၊ ပိုတက်ရှ် ၅၆ ပေါင် (ပဲပုပ်သည် နိုက်ထရို ဂျင်နှင့် ပိုတက်စီယမ် ပိုလိုအပ်သည်)၊ နွားချေး/ သဘာဝမြေဩဇာလှည်း ၅-၁၀ စီး မြေခံထည့်ပါ။ မစိုက်ပျိုးမီတွင် ပဲပုပ်သီးသန့် ရိုင်ဇိုဘီယမ် ၂၀၀ ဂရမ် (တစ်ထုပ်) လူးနယ်ပြီးမှ စိုက်ပါ။

**အပင်ပြုစုစောင့်ရှောက်ခြင်း။** ပင်ခြေပုပ်/အမြစ်ပုပ် ကာကွယ်ရန် ကာဗင်ဒါဇင် သို့မဟုတ် မန်ကိုဇက် လူးနယ်ပါ။ မြေအောင်းပိုးနှင့် ပင်စည်ထိုးယင်အတွက် ဖီပရိုနေ သို့မဟုတ် ကာဘိုဖျူရန် ၃ ကီလိုဂရမ်တို့ကို

*စာမျက်နှာ ၉ သို့*

**❒ ပဲတစ်မျိုးတည်းကို အမြဲစိုက်ပျိုးခြင်းထက် ဥပမာ စပါးအပြီး လယ်မြေများတွင် မတ်ပဲအစားထိုး ပဲပုပ်စိုက်ပျိုးခြင်း သို့မဟုတ် ပဲစင်းငုံအပင်ကျပ် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်အစာ၊ စားသုံးဆီ ပိုမို ထုတ်လုပ်ရရှိနိုင်ခြင်းနှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်ခြင်း စသည့်အကျိုး ကျေးဇူးများ ရရှိနိုင်မည်**

# ကျိုက်ထိုမြို့နယ်၌ လျှပ်စစ်ဓာတ်အား စနစ်တကျဖြန့်ဖြူးနိုင်ရေးအတွက် ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**ကျိုက်ထို ဩဂုတ် ၉**

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဇေယျာဦးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့နယ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဖြစ်သည့် စည်ပင်ရေကန်အနီးရှိ ၁၁ ကေဗွီလိုင်း ပေ ၉၀၀ အား ၁၀ မီတာ ကွန်ကရစ်တိုင် SAC 120mm² ဖြင့် အသစ်တည်ဆောက်ခြင်း၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး အသစ်တည်ဆောက်ခြင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၅၀၀ အား ၉ မီတာ ကွန်ကရစ်တိုင် Insulated Cable၊ ၄၀၀ ဗို့ လိုင်း ပေ ၆၀၀ အား ၁၁ ကေဗွီ လိုင်းသစ်အောက်သို့ ပြောင်းရွှေ့ခြင်း လုပ်ငန်းများနှင့် ကော့စံနိုင်ရပ်ကွက် ဘောဂနာအပိုင်းတွင် ၁၁ ကေဗွီလိုင်း ပေ ၁၇၀၀ အား ၁၀ မီတာ ကွန်ကရစ်တိုင် SAC 120mm²ဖြင့် အသစ်တည်ဆောက်ခြင်း၊ ၄၀၀ ဗို့လိုင်း ပေ ၁၇၀၀ အား ၁၁ ကေဗွီ လိုင်းသစ်အောက်သို့ ပြောင်းရွှေ့ခြင်း၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းနှင့် Panel ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် ၁၁ကေဗွီမြို့တွင်း ဗီဒါလက်ပြကျေးရွာမှ စည်ပင်တိုးဂိတ်အနီးအထိ ကွန်ကရစ်တိုင်များ၊ မီးကြိုးများ လဲလှယ်အစားထိုးတည်ဆောက်ခြင်းနှင့် ကော့ထင်းကျေးရွာတွင် ၁၁ ကေဗွီလိုင်း ပေ ၅၀၀ အား ၁၀ မီတာ ကွန်ကရစ်တိုင်ဖြင့် အသစ်တည်ဆောက်ခြင်း၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းနှင့် ၄၀၀ ဗို့လိုင်း (၀.၅) မိုင်အား ၉ မီတာ ကွန်ကရစ်တိုင် Insulated Cable ဖြင့် တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**



## ပခုက္ကူမြို့နယ်၌ မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပခုက္ကူ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဖလား မိုးရာသီ ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၉ ရက် ညနေ ၃ နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်ပွဲစဉ်အဖြစ် အမှတ်(၃)ရပ်ကွက်အသင်းနှင့် G.P FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၃) ရပ်ကွက်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၉ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

---

*❊ ကျောဖုံးမှ*

အခမ်းအနားတွင် အမျိုးသား/အမျိုးသမီး ငါးယောက်တွဲပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးအသင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းက တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူက ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ မအိမ့်သဲဖြူ၊ အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ မောင်ယောလှ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့အားလည်းကောင်း၊ အမျိုးသမီးငါးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းတို့အားလည်းကောင်း၊ အမျိုးသား ငါးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-ကိုမင်း**

---

*စာမျက်နှာ ၈ မှ*

စိုက်ကြောင်းထဲသို့ထည့်၍ ကာကွယ်ပါ။ ဒေါင်းနီမှိုနှင့် ရွက်ခြောက်ရောဂါ၊ ယင်ဖြူ၊ ဖြုတ်စိမ်း၊ သီးလုံးဖောက်ပိုးများကို နှိမ်နင်းပါ။ အပင်သက်တမ်း သုံးပုံတစ်ပုံအတွင်း ပေါင်းမြက်များကို သေချာစွာနှိမ်နင်းပါ။

**ရေသွင်းခြင်းနှင့် ရိတ်သိမ်းခြင်း။** ဆောင်းစိုက်အတွက် အပင်ပေါက်စုံချိန် (၁၅ ရက်)၊ ပန်းပွင့်ချိန် (၃၅-၄၀ ရက်)၊ အစေ့တည်ချိန် (၅၅-၆၀ ရက်)တို့တွင် မြေအစိုဓာတ်အပေါ် မူတည်၍ လိုအပ်ပါက ရေသွင်းပါ။ အရွက်များ ဝါ၍ကြွေပြီး သီးတောင့် ၈၅-၉၀ ရာခိုင်နှုန်း ရင့်မှည့်(ဝါ/ညိုရောင်ပြောင်း) ချိန်တွင် ရိတ်သိမ်း၍အစိုဓာတ် ၁၂ ရာခိုင်နှုန်းအောက်ရောက်အောင် အခြောက်ခံပြီးမှ သိုလှောင်ပါ။

**ကုလားပဲသီးနှံ**

ကုလားပဲကို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် စပါးအပြီး လက်ကျန်အစိုဓာတ်ဖြင့် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည်။ စုစုပေါင်း ကုလားပဲစိုက်ဧရိယာ၏ ၄၃ ရာခိုင်နှုန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၆ ရာခိုင်နှုန်းကို မကွေးတိုင်းဒေသကြီးနှင့် ၂၃ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိက စိုက်ပျိုးသည်။

မြေအမျိုးအစားနှင့် စိုက်ချိန် - မြေချဉ်ငန်ဓာတ် ၆ ဒသမ ၀ - ၇ ဒသမ ၅ ရှိသော နုန်းမြေနှင့် သဲနုန်းမြေများတွင် ဖြစ်ထွန်းအောင်မြင်သည်။ မြေဆီလွှာအေးမြမှုကို နှစ်သက်ပြီး ရေဝပ်ခြင်း လုံးဝမခံနိုင်ပါ။ အောက်တိုဘာလလယ်မှ နိုဝင်ဘာလလယ် (မိုးပါးချိန် မြေအစိုဓာတ်ရှိစဉ် အမြန်စိုက်ရန်)တွင် အပြီးစိုက်ပျိုးသင့်ပါသည်။

**မျိုးစေ့နှုန်းထားနှင့် အပင်ဦးရေ။** အပင်ပေါက် ၈၅-၉၀ ရာခိုင်နှုန်းရှိပြီး ပင်ညှိုးရောဂါ (Fusarium wilt) ဒဏ်ခံမျိုးကို ရွေးချယ်ပါ။ လုံးကြီးမျိုး- ၁၆-၁၈ ပြည်/ဧက၊ လုံးသေးမျိုး - ၁၀-၁၂ ပြည်/ဧကနှုန်းဖြင့် တန်းကြား ၁ ဒသမ ၂၅ - ၁ ဒသမ ၅ ပေ၊ ပင်ကြား ၃-၄ လက်မဖြင့် တစ်ဧကအပင်ဦးရေ (ရှစ်သောင်း-တစ်သိန်း) ဝင်ဆံ့အောင်စိုက်ပါ။

**မြေဩဇာနှုန်းထား။** တစ်ဧကလျှင် ယူရီးယား ၁၄ ပေါင်၊ တီစူပါ ၅၆ ပေါင်၊ ပိုတက်ရှ် ၂၈ ပေါင်၊ နွားချေးလှည်း ငါးစီး မြေခံထည့်ပါ။ မစိုက်ပျိုးမီ မျိုးစေ့ကို ကုလားပဲသီးသန့် ရိုင်ဇိုဘီယမ် ၂၀၀ ဂရမ် (တစ်ထုပ်) လူးနယ်ပြီးမှစိုက်ပါ။

**အပင်ပြုစုစောင့်ရှောက်ခြင်း။** အပင်ညှိုးသေရောဂါအတွက် ကာဗင်ဒါဇင် သို့မဟုတ် ကာပတန် လူးနယ်ပါ။ မြေအောင်းပိုးအတွက် မြေအောင်းပိုးသတ်ဆေး ၃ ကီလိုဂရမ်ကို စိုက်ကြောင်းတွင် ထည့်ပါ။ အပင်ငယ်စဉ် (၂၀-၂၅ ရက်) တွင် ပေါင်းနှိမ်နင်းပါ (အပင်ရင့်ပါက အက်စစ်ဓာတ်ကြောင့် ပေါင်းပေါက်ရောက်မှု သဘာဝအလျောက် နည်းသွားသည်)။ သီးလုံးဖောက်ပိုးကို အထူးဂရုပြုနှိမ်နင်းပါ။

**ရေသွင်းခြင်းနှင့် ရိတ်သိမ်းခြင်း။** အစိုဓာတ်ရှိသည်ကို ကြိုက်သော်လည်း ရေဝပ်ခြင်းကို မကြိုက်ပါ။ အထွက်တိုးရန် ပန်းမပွင့်မီ (၃၀-၃၅ ရက်)နှင့် သီးတောင့်စဝင်ချိန်(၅၅-၆၀ ရက်)တွင် ရေ ၁-၂ကြိမ် စိုက်ကြောင်းတွင်း အမြန်သွင်း/ထုတ် ဆောင်ရွက်နိုင်ပါသည်။ အရွက်/ပင်စည်ဝါ၍ သီးတောင့် ၈၀-၉၀ ရာခိုင်နှုန်း ရင့်မှည့်ကာ လှုပ်ခါကြည့်ပါက အစေ့မြည်ချိန်တွင် ရိတ်သိမ်းပြီး ၃-၄ ရက် နေလှန်း၍ အစိုဓာတ် ၁၀ ရာခိုင်နှုန်း ဝန်းကျင်တွင် သိုလှောင်ပါ။

**ပဲစင်းငုံသီးနှံ**

ပဲစင်းငုံသီးနှံသည် အရေးကြီးသော ပြည်ပပို့ကုန် သီးနှံဖြစ်ပြီး စုစုပေါင်းစိုက်ဧရိယာ၏ ၈၀ ရာခိုင်နှုန်းကို စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးသည်။ မိုးရာသီတွင် သီးသန့် (သို့) ပဲတီစိမ်း၊ နှမ်း၊ မြေပဲတို့နှင့် သီးညှပ်စိုက်ပျိုးကြသည်။ သက်တမ်းအလိုက် အထူးသက်လျင် (ရေဆင်း-၁၁)၊ သက်လျင် (ရေဆင်း-၃၊ ရေဆင်း-၁၀)၊ သက်လတ် (ရေဆင်း-၉၊ မုံရွာရွှေဒင်္ဂါး) နှင့် သက်ကြီး (ဒေသမျိုး) များ စိုက်ပျိုးကြသည်။

**မြေအမျိုးအစားနှင့် စိုက်ချိန်။** မြေချဉ်ငန်ဓာတ် ၅ ဒသမ ၀ - ၇ ဒသမ ၅ ရှိသော သဲနုန်းမြေ၊ နုန်းမြေနှင့် နီညိုမြေများတွင် ကောင်းစွာဖြစ်ထွန်းနိုင်ပါသည်။ ရေဝပ်ခြင်းနှင့် ဆားငန်မြေကို ရှောင်ရမည်ဖြစ်ပြီး မိုးခေါင်ရေရှားဒဏ် အလွန်ခံနိုင်ပါသည်။ မိုးဦးကျကာလ (မေလလယ် - ဇွန်လလယ်)တွင် စောစောစိုက်ပျိုးရပါမည်။

**မျိုးစေ့နှုန်းထားနှင့် အပင်ဦးရေ။** အပင်ပေါက် ၈၅ ရာခိုင်နှုန်းအထက်ရှိသော မျိုးကိုသုံးပါ။ မျိုးစေ့နှုန်းထားအနေဖြင့် သီးသန့်စိုက်လျှင် ၃-၄ ပြည်/ဧက၊ သီးညှပ်စိုက်လျှင် ၁ ဒသမ ၅ - ၂ ပြည်/ဧက အသုံးပြုရမည်။ တန်းကြား ၃-၄ ပေ၊ ပင်ကြား ၁ ဒသမ ၅ - ၂ ပေဖြင့် တစ်ကျင်း ၃-၄ စေ့ချပြီး အပင်ပေါက်လာပါက သန်မာသော ၁-၂ ပင်သာ ချန်၍ သားခွဲပါ (တစ်ဧက အပင် ၈၀၀၀ - ၁၂၀၀၀)။

**မြေဩဇာနှုန်းထား။** တစ်ဧကလျှင် ယူရီးယား ၁၄ ပေါင်၊ တီစူပါ ၅၆ ပေါင်၊ ပိုတက်ရှ် ၂၈ ပေါင်၊ နွားချေးလှည်း ၅-၁၀ စီး မြေခံထည့်ပါ။ ပဲစင်းငုံသီးသန့် ရိုင်ဇိုဘီယမ် ၂၀၀ ဂရမ် (တစ်ထုပ်) ကိုမျိုးစေ့အား လူးနယ်စိုက်ပျိုးပါ။

**အပင်ပြုစုစောင့်ရှောက်ခြင်း။** ပင်ခြေပုပ်ခြင်းမှ ကာကွယ်ရန် ကာဗင်ဒါဇင်ကဲ့သို့သောဆေးများကို လူးနယ်စိုက်ပျိုးပေးပါ။ မြေအောင်းပိုးနှင့် ခြကောင်အတွက်မြေအောင်းပိုးသတ်ဆေး ၃ကီလိုဂရမ်ထည့်ပါ။ အပင်ငယ်စဉ် (ပထမ ၂-၃ လ) ကြီးထွားမှု နှေးသောကြောင့် ပေါင်းပင်များကို အထူးဂရုပြုနှိမ်နင်းပါ။ အပင်အုပ်ဆိုင်းက ပေါင်းမပေါက်နိုင်တော့ပါ။ သီးလုံးဖောက်ပိုး၊ ပျပိုး၊ လေးပိုးနှင့် ပင်ညှိုးသေရောဂါ၊ ဖားဥမှိုရောဂါများကျရောက်ပါက စနစ်တကျကာကွယ်နှိမ်နင်းပေးပါ။ စိုက်ခင်းအား ရေဝပ်ခြင်းမရှိအောင် ဆောင်ရွက်ပါ။

**ရေသွင်းခြင်းနှင့်ရိတ်သိမ်းခြင်း။** မိုးရေသောက်ဖြင့် အဆင်ပြေသော်လည်း ဆောင်းရာသီ ပန်းပွင့်/သီးတောင့်ဝင်ချိန်တွင် အလွန်ခြောက်သွေ့ပါက ရေတစ်ကြိမ် သွင်းပေးလျှင် အထွက်တိုးစေသည်။ သက်တမ်း ၆-၈ လအကြာ အရွက်ဝါခြောက်ပြီး သီးတောင့် ၈၀-၈၅ ရာခိုင်နှုန်း အညိုရောင် ပြောင်းချိန်တွင် အရင်းမှ ဖြတ်တောက်ရိတ်သိမ်းပါ။ ၃-၄ ရက်ခန့် နေလှန်း၊ ရိုက်ခြွေပြီး အစိုဓာတ် ၁၀-၁၂ ရာခိုင်နှုန်းရှိမှ စနစ်တကျသိုလှောင်ပါ။ *(နှမ်း၊ မြေပဲ၊ ပြောင်းဖူးတို့နှင့် သီးညှပ်စိုက်ပျိုးပါက မိမိတို့ဒေသအလိုက် သတ်မှတ်ထားသော စိုက်စနစ်အတိုင်း စိုက်ပျိုးနိုင်ပါသည်။)*

**ပဲတစ်မျိုးတည်းကို အမြဲစိုက်ပျိုးခြင်းထက် ဥပမာ စပါးအပြီး လယ်မြေများတွင် မတ်ပဲ အစားထိုး ပဲပုပ်စိုက်ပျိုးခြင်း သို့မဟုတ် ပဲစင်းငုံအပင်ကျပ် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်အစာ၊ စားသုံးဆီပိုမိုထုတ်လုပ်ရရှိနိုင်ခြင်းနှင့် ဂေဟစနစ် ထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။**

**ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ**

မြန်မာ့ပဲမျိုးစုံကဏ္ဍ အရှိန်အဟုန်မြင့် တိုးတက်ရေးသည် တစ်ဦးတစ်ယောက် အစိတ်အပိုင်း တစ်ခုတည်းဖြင့် အကောင်အထည်ဖော်၍မရဘဲ **“သုတေသန၊ တောင်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အစိုးရမူဝါဒ”**ဟူသော ပဉ္စဂံပုံ ကွင်းဆက်တစ်ခုလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတစ်ဆင့် စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ၏ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်ပေးပြီး ခေတ်မီနည်းပညာများကို ထိရောက်စွာ အသုံးချကာ ခိုင်မာသည့် အစိုးရမူဝါဒများအောက်တွင် အားလုံးပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဆိုပါက မြန်မာ့ပဲမျိုးစုံသည် ကမ္ဘာ့ဈေးကွက်တွင် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး နိုင်ငံတော်၏ စီးပွားရေးကိုမြှင့်တင်ပေးမည့် အဖိုးတန် “ရွှေရောင်ထုတ်ကုန်များ” အဖြစ် ဆက်လက်ဝင့်ထည်နေမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ ။

# လှာကဒေါင်မင်္ဂလာအင်းခရီးစဉ်ဒေသ၌ စုပေါင်းအမှိုက်ကောက်



**ဘားအံ ဩဂုတ် ၉**

ကရင်ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် လှာကဒေါင်မင်္ဂလာအင်းချစ်သူများ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ဘားအံမြို့ လှာကဒေါင်မင်္ဂလာအင်း ခရီးစဉ်ဒေသ၌ စုပေါင်းအမှိုက်ကောက်ကြသည်။

လှာကဒေါင်မင်္ဂလာအင်းခရီးစဉ်ဒေသသည် ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသ ၁၉ ခု အနက် တစ်ခုအပါအဝင်ဖြစ်ပြီး ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်အပန်းဖြေသည့်နေရာ တစ်ခုဖြစ်သည်နှင့်အညီ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များကြောင့် ခရီးစဉ်ဒေသ၏ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး၊ ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရေးနှင့် မြေယာထိန်းသိမ်းမှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သည့်အနေဖြင့် စုပေါင်းအမှိုက်ကောက်ကြခြင်းဖြစ်သည်။

ထိုသို့ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ ခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အစိုးရရုံးပိတ်ရက်စနေ၊ တနင်္ဂနွေနေ့များတွင် အခါအားလျော်စွာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လားရှိုး၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေး

**လားရှိုး ဩဂုတ် ၉**

လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လားရှိုးမြို့ ဟူးမွန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသန္တာလွင်၊ မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် စီမံကိန်းတာဝန်ခံများက ဩဂုတ် ၇ ရက်တွင် ကွင်းဆင်းကြီးကြပ်သည်။



ဟူးမွန်ကျေးရွာ၌ ယခုနှစ် (၁၁)နှစ်မြောက်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၁၃ ဦးအား ငွေကျပ်သိန်း၂၇၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၁၂ ဦးအား ငွေကျပ်သိန်း၂၉၀ ကို တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြော

**ငဖဲ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့၌ ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ငဖဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ရွှေခန်းမ၌ကျင်းပရာ မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်မာမာအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အုန်းဝင်းက ဆေးလိပ်ဆေးရွက်ကြီးနှင့် စိတ်ကိုစွဲလမ်းစေတတ်သောဆေးဝါးများဆိုင်ရာ သိကောင်းစရာများ၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်းဖြင့် ရရှိနိုင်သည့် ဆိုးကျိုးများနှင့်ကျောင်းကျန်းမာရေး အစီအစဉ်များအား အသိပညာပေး ပြောကြားသည်။



ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေး ဆရာမများက တက်ရောက်လာကြသော ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းမုန့်ဈေးဆိုင်မှ ဈေးသည်များအား သန်ချဆေးများကို စနစ်တကျ တိုက်ကျွေးပေးသည်။

ထို့အတူ ငဖဲမြို့နယ် ပဒါန်းကျေးရွာ (အထက) တွင်လည်း ပဒါန်းတိုက်နယ် ဆရာဝန် ဒေါက်တာ အောင်ကျော်နိုင် ဦးဆောင်သော ပဒါန်းတိုက်နယ် ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းရှိ အသင်းသားတောင်သူများနှင့်တွေ့ဆုံ

**ပျဉ်းမနား ဩဂုတ် ၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် ငကောင်းကံကျေးရွာအုပ်စု ဇောင်ချမ်းကုန်းကျေးရွာရှိတောင်သူများ၊ ဇောင်ချမ်းကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းသားတောင်သူများနှင့် ကျေးရွာ KC ခန်းမ၌ ယမန်နေ့က တွေ့ဆုံခဲ့သည်။



တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ဇောင်ချမ်းကုန်းကျေးရွာရှိ တောင်သူများ၊ သမဝါယမအသင်းသားတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်း စိုက်ပျိုးဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်ဆက်တစ်စပ်တည်းရှိ လယ်ယာမြေများကို သမဝါယမစနစ်ဖြစ်သော စုပေါင်း၍ စနစ်တကျ စိုက်ပျိုးဆောင်ရွက်ခြင်း၊ မျိုးတစ်မျိုးတည်းသာ စိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးစရိတ်/ရိတ်သိမ်းစရိတ်များ သက်သာမည်ဖြစ်ကြောင်း၊ စုပေါင်းရိတ်သိမ်းရောင်းချခြင်းများ ဆောင်ရွက်ပါကတောင်သူများအတွက် အကျိုးကျေးဇူး များစွာရှိပါကြောင်း အစရှိသဖြင့် စုပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော တောင်သူများက သိလိုသည်များကို မေးမြန်းရာ ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၉** - ဩဂုတ် ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပခုက္ကူတက္ကသိုလ်၌ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ ဩဂုတ် ၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်၁၀နာရီက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပရာ ပခုက္ကူတက္ကသိုလ်အနုပညာအသင်းဝင် ကျောင်းသားကျောင်းသူများ၏ အညာရဲ့တမာတက္ကသိုလ်တေးသီချင်း ဖျော်ဖြေမှုဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ်ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က ဘာသာရပ်ပေါင်းစုံကာယအလှမယ် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲ မကွေးတိုင်းဒေသကြီးအဆင့် ဆုရှင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ပခုက္ကူတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသူ ၁၂ ဦးက ကာယအလှမယ်ပြိုင်ပွဲယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# သဃ်န်းကျွန်းမြို့နယ်၌ GEC ပညာရေးသမဝါယမ အသင်းလီမိတက် အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် GEC ပညာရေးအသင်းလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို အမက(၈) မူလွန်ကျောင်း၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးမောင်ဝေသိမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ဌေးက အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ ခုနစ်ဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးအား အမှုဆောင်အသစ်များ ရွေးချယ်ပြီး အသင်းသားများအား အစုအပေါ် အမြတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မိုး**



# ဘီးလင်းမြို့နယ်၌ တွင်းနက်တူးဖော်ခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပေး

**ဘီးလင်း ဩဂုတ် ၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၆၁ ဒသမ ၆၁ သန်းဖြင့် မရမ်းကုန်းကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာတွင် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် တွင်းနက်တူးဖော်ခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဩဂုတ် ၇ ရက်က ကွင်းဆင်းစစ်ဆေး ကြီးကြပ်ပြီး တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီအား လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်ကူညီ

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများ၌ ဩဂုတ် ၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကျေးရွာ၊ ရပ်ကွက်များနှင့် လယ်ယာစိုက်ခင်းများအတွင်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျေးရွာ၊ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် ရေဦးမြို့နယ်ရှိ ဆီဆုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာရှိ မြင့်တင်ဘုန်းတော်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ မင်းကင်းမြို့နယ် သရက်တောရပ်ကွက်ရှိ ဒေသခံပြည်သူများအား မင်းကင်းမြို့ မြို့မရပ်ကွက်ရှိ ယွန်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ မင်းကင်းမြို့နယ် ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျေးတောင်ဦးကျေးရွာ ရွှေဇဝါထွန်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ယာယီရွှေ့ပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက သွားရောက်ကူညီဆောင်ရွက်ပေးကြပြီး ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သောဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးနိုင်ရေးအတွက် မြို့နယ်အလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့အပြင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သက္ကယ်ကျင်း-ဖောင်းပြင်- ဟုမ္မလင်း- ခန္တီး လမ်းပိုင်းရှိ တံတားအမှတ် ၁/၂၃၀ သံကူကွန်ကရစ်တံတား၏ ဘယ်ဘက်ခြမ်းမြေထိန်းနံရံရေတိုက်စားသွားကာ ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် လမ်းပေါ်ရေကျော်လျက်ရှိပြီး ယာဉ်ကြီးများသာ သွားလာနိုင်ကြောင်း သိရသည်။



ယင်းအပြင် ရွှေဘိုခရိုင်အတွင်း ကျေးရွာအုပ်စု ၃၃စုမှ လယ်ယာစိုက်ခင်းများနှင့် ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာအုပ်စု လယ်လှကျေးရွာအုပ်စုနှင့် ရှမ်းစုကျေးရွာများရှိ လယ်ယာစိုက်ခင်းများအား ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(**အပေါ်ပုံ**)

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၌ ဩဂုတ် ၅ ရက်မှ ၈ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ဩဂုတ်၅ရက်မှစတင်ကာ မြေသားအိကျ၍ မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ရသည်။



ထိုသို့ မြေပြိုကျမှုများကြောင့် မိုးကုတ်မြို့နယ်ရှိကျပ်ပြင်ရပ်ကွက်၏ အနောက်ဘက်ပန်းမရပ်၊ ရွှံ့ပန်းရပ်ကွက်၊ ကျောက်ဆင်ကျေးရွာနှင့် ဘော်မားကျေးရွာများ၌ လူနေအိမ်များ ပြိုကျပျက်စီးခြင်း၊ အုတ်တံတိုင်းများ ပြိုကျပျက်စီးခြင်း၊ ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ လမ်းများ ယာယီပိတ်ထားခဲ့ရသည်။

အဆိုပါ နေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပြည်သူများ ဘေးအန္တရာယ် မဖြစ်စေရန် လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြေပြိုကျမှုကြောင့် ကားလမ်းများပိတ်နေသည့်အတွက် Loader ယာဉ်များဖြင့် မော်တော်ယာဉ်များ ယာယီဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာရှိ ဆည်တော်ကြီး ရေလှောင်တမံ၌ ရေဝင်ရောက်မှုများပြားကာ ဆည်ရေပြည့် ရေလှောင်ပမာဏထက် ကျော်လွန်လာသဖြင့် ရေလှောင်တမံအနီးရှိကျေးရွာများနှင့် ဒေသအခေါ် တံငါတံတား(ကျောက်စရစ်ကုန်းတံတား)အား ထိခိုက်မှုမရှိစေရေး ဩဂုတ် ၇ ရက်တွင် ပိုလျှံရေများကို အကျယ်ပေ ၄၀၊ အမြင့် ၃၅ ပေရှိ ရေပိုလွှဲတံခါးကြီး ၇ ခုမှ တံခါးတစ်ခုလျှင် ပျမ်းမျှ ၂ ပေခန့် ဖွင့်ဖောက်၍ ရေထိန်းညှိလျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် မတ္တရာမြို့နယ် တံငါတောင်ကျေးရွာအနီး မန္တလေး-သပိတ်ကျင်း-မိုးကုတ်သွား ကားလမ်းမပေါ် ရေကျော်စီးဆင်းမှု ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေကျော်စီးဆင်းမှုများကြောင့် မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာ အတွင်းရှိ ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ ဝေငှပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

■ ***ကျောဖုံးမှ***

အမှတ်(၆) ရပ်ကွက် ရွှေဘုံသာလမ်း အိမ်အမှတ် (၃၆) အရှေ့သို့ အရောက်၌ စိစစ်ဆဲအဖွဲ့တစ်ဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ည ၈ နာရီခန့်တွင် အကြမ်းဖက် သမားများက ဦးအောင်မြင့် ကိုင်ဆောင်သော ဖုန်းဖြင့် ၎င်း၏ မိသားစုများထံသို့ ဆက်သွယ်၍ ဦးအောင်မြင့်(ခ) ဆူပရာမန်းနီးအား အသက်ရှင်လျက် ပြန်လည်ရရှိလိုပါက ငွေကျပ်သိန်း ၄၅၀၀ နှင့် ရွှေ ၆၀ ကျပ်သားပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား တိုင်ကြားခြင်း မပြုရန်နှင့် တိုင်ကြားပါက ဦးအောင်မြင့်အား သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ ငွေကြေးတောင်းခံခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထက်ပါဖြစ်စဉ်မှ တရားခံများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၇ ရက် နံနက် ၄ နာရီခွဲခန့်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်တွင် ပါဝင်သူ တရားခံများ ဖြစ်ကြသည့် မူဒူးဂါး(ခ) ဝင်းကိုအောင် (ဘ) ဦးလှမြင့်(ခ)ဦးဘာစန်း(ဟိန္ဒူ/ဗုဒ္ဓ) နှင့် ဂင်ဒို (ခ) လင်းလင်း (ဘ) ဦးမောင်မောင် (ဟိန္ဒူ ဗုဒ္ဓ) တို့ နှစ်ဦးအား တာမွေမြို့နယ် စက်စန်းဟိုတယ် အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်ခဲ့ရာ အဆိုပါနေ့ နံနက် ၅ နာရီခွဲခန့်တွင် ဆက်စပ်တရားခံ ခြောက်ဦးနှင့် ပြန်ပေးဆွဲရာတွင် အသုံးပြုခဲ့သည့် Taxi နှင့်ယာဉ်မောင်းတို့အား ဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေရာ တစ်ဝိုက်အား လိုအပ်သည့် ရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပြန်ပေးဆွဲခံရသူ ဦးအောင်မြင့် (ခ) ဆူပရာမန်းနီးအား ၎င်းအနီးရှိ အိမ်ပျက်အတွင်းမှ အသက်ရှင်လျက် ပြန်လည်ရှာဖွေတွေ့ရှိကယ်တင်နိုင်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်မှုနှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့် စုစုပေါင်း ကိုးဦးတို့အား တည်ဆဲဥပဒေများနှင့် အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ် ဖမ်းဆီးရမိရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပန်းဘဲတန်းမြို့နယ် (၆)ရပ်ကွက်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ မှတ်တမ်းဓာတ်ပုံ**



မူဒူးဂါး(ခ) ဝင်းကိုအောင် (၂၆)နှစ်



ဂင်ဒို(ခ) လင်းလင်း (၃၀)နှစ်



ကျော်သူရ (၃၆)နှစ်



မောင်ငယ်(၃၁)နှစ်



မျိုးမင်းဦး(ခ) မျိုးကြီး (၃၂)နှစ်



အောင်သူ(ခ) အောင်သူဦး (၃၂)နှစ်



အောင်ထက်မိုး (၃၀)နှစ်



ကျော်သက် (၃၀)နှစ်



ကျော်ကိုကိုလွင်(၃၉)နှစ်

❖ ***ကျောဖုံးမှ***

ပြိုင်ပွဲ၏ ပထမတွဲဆိုင်း ၅၃ ကီလိုတန်း လေးချီပွဲတွင် ဒေါင်းမိုက်သွေး (Nine Lethwei) နှင့် စောရှူဘီ (YMA) တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ပူးတွဲသရေကျခဲ့သည်။ ထို့နောက် ဒုတိယတွဲဆိုင်း ၆၅ ကီလိုတန်း လေးချီပွဲတွင် လူငယ်လက်ဝှေ့ကျော် ကရင်အောင်လံဆုရှင် အောင်ကိုလတ်(Ray)နှင့် စောထိန်လင်း (555 Sports) တို့ လေးချီအပြည့် ထိုးသတ်ခဲ့ကြသော်လည်း ပူးတွဲသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

တတိယတွဲဆိုင်း ၅၆ ကီလိုတန်း ငါးချီပွဲတွင် MLWC ရွှေတံဆိပ်ဆုရှင် ဆလိုင်းထန်ခွီးရှိန် (ကျားမနိုင်) နှင့် Sky Net ရွှေအောင်လံ ဒုတိယဆု၊ SEA Games ကြေးတံဆိပ်ဆုရှင် ဟိန်းထွန်းအောင် (ခေးယူးဝါး) တို့ ငါးချီအပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ပူးတွဲသရေကျခဲ့သည်။ စတုတ္ထတွဲဆိုင်း ၆၀ ကီလိုတန်း ငါးချီပွဲတွင်လည်း MLWCရွှေခါးပတ် ချန်ပီယံအဲမွီ (အဲကညော) နှင့် Sky Net ရွှေအောင်လံဆုရှင် သန့်ဇင် (ပိုင်သွန် တော်ဝင်ရော) တို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေဖြင့်သာ ပြီးဆုံးခဲ့သည်။

ဒုတိယခေါင်ပွဲဖြစ်သည့် ပဉ္စမတွဲဆိုင်း ၆၇ ကီလိုတန်း ငါးချီပွဲတွင် MLWC ရွှေတံဆိပ်ရှင် နိုင်ဝင်းထွန်း (Nine Lethwei) နှင့် ကရင်အောင်လံဆုရှင် ကမ္ဘာရှား (ဇာထက်မိတ္တီလာ) တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပွဲချိန်လေးချီ နှစ်မိနစ် စက္ကန့် ၃၀ တွင် နိုင်ဝင်းထွန်းက ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲ၏ အဓိကခေါင်တွဲဆိုင်းဖြစ်သည့် ၇၅ ကီလိုတန်း (ငါးချီ) စိန်ခေါ်ပွဲတွင် ထွန်းမင်းအောင် (Top One) နှင့် MLWC ရွှေတံဆိပ်ဆုရှင် ရာမန် (ရိုးရာစွမ်းအား)တို့ ငါးချီအပြည့် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း ပူးတွဲသရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-SKN**

❏ ***ကျောဖုံးမှ***

ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး-လေးဂိုး၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၁၃ဂိုး -နှစ်ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ကိုးဂိုး-ဂိုးမရှိ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဖူဆယ်ပြိုင်ပွဲ (အမျိုးသား) ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စနစ်တကျ စိုက်ပျိုးမွေးမြူလာနိုင်ရေး သမဝါယမများက ဆောင်ရွက်ပေး

**မြန်မာနိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်မှာ ကျေးလက်နေပြည်သူများဖြစ်ကြပြီး အများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်လေးများ လုပ်ကိုင်နေကြပါသည်။ စိုက်ပျိုးရေး မွေးမြူရေး ထုတ်ကုန်များမှတစ်ဆင့် MSME လုပ်ငန်းများဖွံ့ဖြိုးရေးကို အထောက်အကူပြုနေသကဲ့သို့ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးကိုလည်း ဆောင်ကြဉ်းပေးလျက်ရှိပါသည်။**

K ဇင်သစ် (မန်းတက္ကသိုလ်)

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား စုပေါင်းဆောင်ရွက်မှုဖြင့် စနစ်တကျဆောင်ရွက်စေ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေး အလေးထား ဦးစားပေး ဆောင်ရွက်ပေးရန် လိုအပ်နေသည်မှာ ငြင်းဖွယ်မရှိပေ။ ကျေးလက်နေ တောင်သူအများစုမှာ စိုက်ပျိုးရေး၊မွေးမြူရေးကိုအဓိကလုပ်ကိုင်နေသူများ ဖြစ်ကြပြီး တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား မြင့်မားလာစေရေးမောင်းနှင်အားသဖွယ် ရှိနေသည်ကလည်း ပကတိအမှန်တရား ဖြစ်ပါသည်။

"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့ " ဟူသော ဆောင်ပုဒ်နှင့်အညီ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးကူညီ ထောက်ပံ့ပေးခြင်းအား ပို၍ပို၍ လုပ်ဆောင်ပေးရမည်ဖြစ်ပေသည်။ ကုန်ထုတ်စွမ်းအားမြှင့်တင်ပေးခြင်းနှင့် ပြည်သူများ၏ လူမှုစီးပွားမြင့်မားလာအောင် ဆောင်ကြဉ်းပေးလျက်ရှိရာ ကဏ္ဍအသီးသီးက ဟန်ချက်ညီညီ စနစ်တကျ လုပ်ဆောင်နေကြခြင်းကို တွေ့နေရပါသည်။

**သမဝါယမဆိုရာဝယ်**

သမဝါယမကဏ္ဍကလည်း ကျေးလက်နေ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်နေသူများအား ၎င်းတို့၏ဆန္ဒနှင့်အညီ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာရေး ဆောင်ကြဉ်းပေးလျက်ရှိပါသည်။ သမဝါယမဆိုရာဝယ် အများအကျိုးအတွက် တစ်ဦးချင်းစီက ပူးပေါင်းပါဝင်ပြီး အများ၏စီမံခန့်ခွဲမှုဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ကြကာ ရရှိလာသောအကျိုးအမြတ်ကို ခံစားကြရသည့် စုပေါင်းဆောင်ရွက်သော စနစ်တစ်ခုဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၌ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးသည့်အပိုင်းတွင် သမဝါယမများက အောင်မြင်အောင်လုပ်ဆောင်လျက်ရှိခြင်း၊ ဒိန်းမတ်၊ နော်ဝေ၊ ဂျပန် စသည့် ကမ္ဘာ့နိုင်ငံများတွင်လည်း သမဝါယမစီးပွားရေးလုပ်ငန်းများ၏ အသီးအပွင့်ကို ပြည်သူများ ခံစားနေကြရသည်က တစ်နေ့တခြား ပိုတိုးလာနေသည်ဟု သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတွင် သမဝါယမအသင်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိနေကြပါသည်။ ကိုရီးယားနိုင်ငံတွင် အသေးစား ငွေကြေးလုပ်ငန်းများမှာ သမဝါယမများက ဆောင်ရွက်နေကြပြီး ကျေးရွာသစ်လှုပ်ရှားမှုမှာလည်း သမဝါယမစနစ်ကို အခြေခံလုပ်ဆောင်နေခြင်းကြောင့် အောင်မြင်မှုများ ရရှိနေကြပါသည်။ ထိုင်းနိုင်ငံတွင်စိုက်ပျိုးရေး သမဝါယမအသင်းများ၏ ထုတ်ကုန်များမှာ ပြည်တွင်းသုံးစွဲမှုများအပြင် ပြည်ပသို့ တင်ပို့နေကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးလက်ပြည်သူများ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို စနစ်တကျ စိုက်ပျိုးမွေးမြူနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိလာနိုင်ရေး တစ်ဆက်တစ်စပ်တည်း လယ်ယာမြေများတွင် စိုက်ပျိုးချိန်တူ၊ သွင်းအားစုကိုတူညီစွာထည့်သွင်း၊ တစ်ပြိုင်နက်တည်း ရိတ်သိမ်းချိန်တူညီအောင် စုပေါင်းလုပ်ဆောင်ခြင်းဖြင့် သီးနှံအရည်အသွေးကောင်းမွန်မှုနှင့် လေလွင့်ဆုံးရှုံးမှု နည်းပါးခြင်းတို့ ဖြစ်တည်လာနိုင်ရေး သမဝါယမစနစ်ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးကိုယ်စီ ရရှိလာနိုင်မည်ဖြစ်ပေသည်။

၂၀၂၃-၂၀၂၄ ခုနှစ်မှစ၍ နှမ်းစပါး၊ မိုးစပါး စိုက်ပျိုးသူ အသင်းသားတောင်သူများအား

**❑ ဆန်စက်၊ ဆီစက်၊ ဝါကြိတ်စက်နှင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု လုပ်ငန်းများအတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဒေသထွက် နွားချေး၊ ကြက်ချေး၊ နှမ်းရိုး၊ ဗေဒါဆွေး၊ လင်းနို့ချေး၊ စပါးခွံဖွဲပြာ စသည့်ကုန်ကြမ်းများကို အခြေပြု၍ သဘာဝမြေဩဇာ ထုတ်လုပ်လျက်ရှိသော သမဝါယမအသင်းများကိုလည်း တွေ့နေရပါသည်**

မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုမြေဩဇာများကို သမဝါယမအသင်းများမှတစ်ဆင့် ပံ့ပိုးဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ စိုက်ပျိုးကြသည့် အသင်းသားတောင်သူများအား စိုက်ပျိုးသည့် သီးနှံအလိုက် အထွက်နှုန်းတိုး မျိုး၊ သွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် တောင်သူများ ဝင်ငွေပိုမိုရရှိသကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးမြှင့်မှုတွင်လည်း ကျရာအခန်းမှ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

**သမဝါယမစနစ်ကို အရင်းခံသည့် စိတ်နေသဘောထား**

ကျေးလက်တောင်သူများအနေဖြင့် အများနှင့် စုပေါင်းဆောင်ရွက်ကြသည့် အလေ့အကျင့်ကောင်းများရှိနေခြင်းကလည်း သမဝါယမစနစ်ကို အရင်းခံသည့် စိတ်နေသဘောထားများ ရှိနေကြသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ စနစ်တကျ စိုက်ပျိုးမွေးမြူခြင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်ပြီး MSME ကဏ္ဍဖွံ့ဖြိုးမှုကို ဦးတည်ဆောင်ရွက်နိုင်ပါက ပြည်သူများ ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ရာ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးစပါး၊ နှမ်းစပါး၊ ဝါသီးနှံနှင့် မြေပဲတို့ကို သမဝါယမစိုက်ပျိုးရေး စီမံကိန်းသီးနှံများအဖြစ် သတ်မှတ်၍ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီနိုင်ရေး စီမံဆောင်ရွက်နေမှုများကလည်း တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးအပိုင်းတွင် ကျရာအခန်းမှ ပါဝင်အကောင်အထည်ဖော်နေကြောင်းတွေ့ရှိရပါသည်။

**သက်တန့်ရောင်စီမံကိန်း**

အလားတူ သမဝါယမမွေးမြူရေးကဏ္ဍတွင် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ နိုင်ငံတော်ထောက်ပံ့ငွေ သက်တန့်ရောင်စီမံကိန်းရန်ပုံငွေ အသင်းသားနှင့် အသင်းပိုင်ငွေတို့ဖြင့် နို့စားနွား/ ဒေသနွား၊ ကြက်၊ ဝက်၊ ဆိတ်အပါအဝင် ဘဲ၊ ငါးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေခြင်းကြောင့် အသားကဏ္ဍ ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းနှင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံမှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခဲ့ပါသည်။

ဆန်စက်၊ ဆီစက်၊ ဝါကြိတ်စက်နှင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု လုပ်ငန်းများအတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဒေသထွက် နွားချေး၊ ကြက်ချေး၊ နှမ်းရိုး၊ ဗေဒါဆွေး၊ လင်းနို့ချေး၊ စပါးခွံဖွဲပြာ စသည့်ကုန်ကြမ်းများကို အခြေပြု၍ သဘာဝမြေဩဇာ ထုတ်လုပ်လျက်ရှိသော သမဝါယမအသင်းများကိုလည်း တွေ့နေရပါသည်။

အသင်းသားတောင်သူများအနေဖြင့် ဝီရိယစိုက်၍ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြရမည်လည်းဖြစ်ပါသည်။ အသင်းသားများက တစ်ကွင်းတစ်ဆက်တည်းရှိသော လယ်စိုက်ကွင်းများတွင် အထွက်နှုန်းမြင့်မားသည့် မျိုးကောင်းမျိုးသန့် တူညီစွာစိုက်ပျိုးရေး၊ ထွန်ယက်ချိန်၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတူညီစေရေး စုပေါင်းဆောင်ရွက်ကြရမည်လည်း ဖြစ်ပါသည်။ လိုအပ်သောသွင်းအားစုများအား စုပေါင်းဝယ်ယူခြင်း၊ ထွက်ရှိလာသော သီးနှံများအား ဈေးကွက်ခိုင်မာမှုရှိရေးနှင့် ဒေသပေါက်ဈေးနှုန်းရရှိနိုင်အောင် စုပေါင်းရောင်းချသည့်အခြေအနေမျိုးဖြစ်အောင် အသင်းဒါရိုက်တာအဖွဲ့များက ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကြားခံဈေးကစားသူများကြောင့် စားသုံးသူလည်း ဈေးနှုန်းမြင့်၊ ရောင်းချတောင်သူလည်း အနိမ့်ခံရသည့်ဘဝမျိုးကို ကျော်လွှားနိုင်အောင် ပံ့ဖော်ဖန်တီး ဆောင်ရွက်ပေးခြင်းသည်လည်း သမဝါယမစနစ်၏ ဆောင်ကြဉ်းပေးရမည့် အသွင်သဏ္ဌာန်တစ်ခုလည်း ဖြစ်ပါသည်။

သမဝါယမ ပညာပေးရေးစနစ်ကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး မြေပြင်ထိတွေ့ကွင်းဆင်း၍ တောင်သူများ လိုအပ်ချက်ကို တစ်ဆင့်ချင်းအလိုက် ကူညီထောက်ပံ့ပေးပြီး ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ သီးနှံများရာသီအလိုက် အချိန်မီစိုက်ပျိုးနိုင်ရေး၊ လိုအပ်သောသွင်းအားစုများ စိုက်ပျိုးကာလ သတ်မှတ်ချိန်အလိုက် အပြည့်အဝထည့်ကျွေးနိုင်ရေး၊ ရိတ်သိမ်းကာလအချိန်မီရေးနှင့် အလေအလွင့်နည်းပါးရေးတို့ကိုလည်း လယ်ယာဝန်ဆောင်မှု သမဝါယမများက မြေယာပြုပြင်ခြင်းအပါအဝင် ရိတ်ခြွေခြင်းများဖြင့် ဆောင်ရွက်နေမှုအပေါ် တိုးချဲ့လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း စိုက်ပျိုးလျက်ရှိသော သီးနှံအလိုက် ရာသီချိန်အမီ စိုက်ပျိုးကြရာတွင် စနစ်တကျစိုက်ပျိုးနိုင်ရေးကို ဦးစားပေးလုပ်ဆောင်ခြင်းဖြင့် ကုန်ထုတ်စွမ်းအား တိုးမြှင့်လာနိုင်မည်ဖြစ်ပါသည်။

သမဝါယမစနစ်ကိုမဏ္ဍိုင်ပြု၍ ကျေးလက်နေပြည်သူများ၏ ဝင်ငွေပိုမိုရရှိရေးကို အလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိသည့် နှမ်းစပါး၊ မိုးစပါး၊ မြေပဲ၊ ဝါသီးနှံတို့ စိုက်ပျိုးသည့်ဧက ၄၅၀၀၀၀ ဝန်းကျင်ခန့်မှ ပန်းတိုင်အထွက်နှုန်း ကိုယ်စီထွက်ရှိလာနိုင်ရေးနှင့် ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ခိုင်မာအောင် ချိတ်ဆက်ဖော်ဆောင်ပေးခြင်းနည်းတူ နို့စားနွား၊ ဒေသနွား၊ ကြက်၊ ဝက်၊ ငါး စသည်တို့ မွေးမြူလျက်ရှိသော မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းများ၊ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် သဘာဝမြေဩဇာထုတ်လုပ်သည့် သမဝါယမအသင်းကိုလည်း နိုင်ငံတော်က ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး ကြိုးပမ်းနေမှုများတွင် စနစ်တကျ စိုက်ပျိုးမွေးမြူနိုင်ရေး သမဝါယမကဏ္ဍမှ ပံ့ဖော်ဖန်တီးနေပေဦးမည် ဟု ယုံကြည်နေမိပါတော့သည်။ ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ပွင့်ဖြူမြို့နယ်၌ နွေနှမ်းသီးနှံ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံ နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နှမ်း ၅၇၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဇွန်လပထမပတ်တွင် စတင်ရိတ်သိမ်းခဲ့ရာ ဧကအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ရာ အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ ဒသမ ၆၄ တင်း ထွက်ရှိကြောင်း သိရသည်။ နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )

တစ်ပတ်တာ ဖတ်စရာ

## မြန်မာရေးရာ

**ဩဂုတ် ၂ ရက်**

### Esports World Cup 2026 တွင် မြန်မာအသင်းဒုတိယရရှိ

Esports World Cup 2026 Mobile Legends: Bang Bang ပြိုင်ပွဲ Grand Final တွင် မြန်မာကိုယ်စားပြု Yangon Galacticos အသင်းက ဒုတိယဆုရရှိခဲ့ပြီး အမေရိကန် ဒေါ်လာငါးသိန်း ဆုကြေးရရှိခဲ့သည်။

**ဩဂုတ် ၃ ရက်**

### အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ပြန်လည်ပြုပြင်

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျောက်မဲမြို့ရှိ စီမံကိန်းအခြေစိုက်စခန်းတို့ကို ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိပြီး လက်ရှိတွင် ၅၃ ဒသမ ၉၅ ရာခိုင်နှုန်း ပြီးစီးနေကာ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

### ICRC ဌာနေကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque က ဒေါ်အောင်ဆန်းစုကြည်ကို လာရောက်တွေ့ဆုံခဲ့သည်။

**ဩဂုတ် ၄ ရက်**

### နိုင်ငံတော်သမ္မတနှင့် UWSP ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ “ဝ” ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အွန်လိုင်းလောင်းကစားမှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စသည်တို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

**ဩဂုတ် ၅ ရက်**

### နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံပြီး ဘာသာရေးလွတ်လပ်ခွင့်၊ နေပြည်တော်တွင် ဘာသာရေးအဆောက်အအုံများ တည်ဆောက်ရေး၊ နိုင်ငံရေးနှင့် ဘာသာရေးငြိမ်းချမ်းမှု၊ တွေ့ဆုံဆွေးနွေးမှုဖြင့် ပြဿနာများ ဖြေရှင်းရေးနှင့် နိုင်ငံတော် ငြိမ်းချမ်းရေးအတွက် ဘာသာရေးခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

**ဩဂုတ် ၆ ရက်**

### မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်၊ နိုင်ငံတော်သမ္မတ တရားဝင်ခရီးစဉ်သွားရောက်

ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ထိုင်းဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံ နိုင်ငံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည်။ခရီးစဉ်အတွင်း “မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်” သို့ တက်ရောက်၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး ဆွေးနွေးခဲ့ပြီး အလုပ်သမားရေး၊ လုပ်သားခန့်ထားရေး၊ အာကာသနည်းပညာနှင့် နယ်စပ်ဖြတ်ကျော် မြစ်ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များ၊ ပူးတွဲကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

**ဩဂုတ် ၇ ရက်**

### နိုင်ငံတော်သမ္မတ ထိုင်းခရီးစဉ်အတွင်း ထိုင်းရောက် မြန်မာလုပ်သားများအကျိုး အလေးထားဆောင်ရွက်ပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်းတို့မှတစ်ဆင့် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့သည်။ ထိုင်းအမျိုးသားလွှတ်တော်သို့ သွားရောက်တွေ့ဆုံခြင်း၊ မြဘုရားသို့ ဖူးမြော်ကြည်ညိုခြင်း၊ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပညာတော်သင်များအား တွေ့ဆုံခြင်းတို့ ပြုလုပ်ခဲ့သည်။

**ဩဂုတ် ၈ ရက်**

### လေးမျက်နှာရေဘေးအတွက် အလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော် လက်ခံရရှိ

လေးမျက်နှာမြို့နယ် ငဝန်မြစ်ရေကာတာတမံနိမ့်ကျ၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုနှင့် စပ်လျဉ်းသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး၊ တာတမံပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။ ထို့ပြင် လေးမျက်နှာမြို့နယ် ရေဘေးသင့်ဒေသများအတွက် ပုသိမ်မြို့၌ ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲတွင် တပ်မတော်မိသားစုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စေတနာရှင်၊ အလှူရှင်များနှင့် အသင်းအဖွဲ့များက စုစုပေါင်း ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော် လှူဒါန်းခဲ့ကြသည်။

## ကမ္ဘာရေးရာ

### ဂျပန်၌ အပူချိန်ကိုအန်တု၍ လျှပ်ပြန်လည်ထူထောင်ရေးစတင်

ဇူလိုင် ၂၈ ရက်က ပြင်းအား ၇ ဒသမ ၁ အဆင့် လျှပ်လှုပ်ခတ်ခဲ့သည့် ဂျပန်နိုင်ငံ ခူမာမိုတိုခရိုင်တွင် အပူချိန်မြင့်တက်မှုများကြားမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### ဗီယက်နမ်သို့ ခရီးသည် ၁၃ ဒသမ ၉ သန်း ဝင်ရောက်

ဗီယက်နမ်နိုင်ငံသို့ ၂၀၂၆ ခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံတကာခရီးသည် ၁၃ ဒသမ ၉ သန်းနီးပါး လာရောက်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ၁၃ ဒသမ ၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

### အင်ဒိုနီးရှား၊ ထိုင်း နိုင်ငံဖြတ်ကျော်မှုခင်း ပူးပေါင်းတိုက်ဖျက်

အင်ဒိုနီးရှားနှင့် ထိုင်းခေါင်းဆောင်များသည် အွန်လိုင်းလိမ်လည်မှု အပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။

### အင်ဒိုနီးရှားက ရုရှားထံမှ ရေနံစိမ်းတင်သွင်းရန် ပြင်ဆင်

အင်ဒိုနီးရှားနိုင်ငံသည် စွမ်းအင်ဖူလုံရေးအတွက် ရုရှားထံမှ ရေနံစိမ်းတင်သွင်းနိုင်ရေး ကာလရှည်စာချုပ် ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိသည်။

### ဆယ်ယူတာနယ်စပ်ဝင်ရောက်မှုတွင် လူ ၁၀၀ ခန့်သေဆုံး

စပိန်ပိုင် ဆယ်ယူတာဒေသသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးပမ်းစဉ် လူ ၁၀၀ ခန့် သေဆုံးခဲ့ပြီး ရွှေ့ပြောင်းဝင်ရောက်သူ ထောင်နှင့်ချီ ဆက်လက်ကျန်ရှိနေကြောင်း သိရသည်။

### ဖိလစ်ပိုင်ကမ်းလွန်၌ ပြင်းအား ၆ ဒသမ ၃ အဆင့် လျှပ်လှုပ်ခတ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအိုအိုစီဒန်တယ်ပြည်နယ်ကမ်းလွန်၌ ဩဂုတ် ၆ ရက်က ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ လျှပ်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

### ဗီယက်နမ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမေရိကန်ဒေါ်လာ ခြောက်သိန်းနီးပါးပျက်စီး

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း တူယင်ကွမ်းပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူတစ်ဦးသေဆုံးပြီး ဗီယက်နမ် ဒေါင် ၁၅ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

## ကျောက်မဲ၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်မဲ ဩဂုတ် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ “AI နည်းပညာနှင့် လူငယ်တို့၏ အနာဂတ်” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ဩဂုတ် ၈ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဌေးတို့က အမှာစကားပြောကြားသည်။



ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက AI နှင့် ပညာရေးကဏ္ဍ၊ AI နှင့် အနာဂတ်အလုပ်အကိုင်၊ AI ခေတ်မှာ လိုအပ်သည့် စွမ်းရည်များ၊ လူငယ်နှင့် နည်းပညာကျင့်ဝတ်၊ AI ၏ စိန်ခေါ်မှုနှင့် အန္တရာယ်များ၊ ကျောင်းသားနှင့် AI နည်းပညာ စသည့် ကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ မြို့နယ်ဆီလုပ်ငန်းရှင်ကြီးများအသင်းက အခြေခံလူတန်းစားများ စားအုန်းဆီ ဖူလုံစေရေးအတွက် မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာများ ရှိပြည်သူများအား ဩဂုတ် ၆ ရက်မှ စတင်၍ နေ့စဉ် ပီပါ ၁၆ လုံး ရောင်းချပေးစဉ်။

ကျော်မျိုးနိုင်(တောင်သာ)

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## အီရတ်နှင့် ပြင်သစ်ခေါင်းဆောင်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ဘဂ္ဂဒက် ဩဂုတ် ၉**

အီရတ်ဝန်ကြီးချုပ် အလီ အယ်လ်-ဇိုင်ဒီနှင့် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဩဂုတ် ၈ ရက်က ဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း အီရတ်ဝန်ကြီးချုပ်၏ မီဒီယာရုံးက ထုတ်ပြန်သည်။

ဆွေးနွေးမှုအတွင်း အီရတ်နိုင်ငံတွင် ပြင်သစ်ကုမ္ပဏီများအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို နှစ်ဖက်စလုံးက ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့ အားကောင်းစေရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

ပြင်သစ်သမ္မတအနေဖြင့် အီရတ်နိုင်ငံသို့ လာရောက်လည်ပတ်ရန်လည်း အီရတ်ဝန်ကြီးချုပ်က ဖိတ်ခေါ်ခဲ့သည်။ နှစ်နိုင်ငံကြားရေရှည်တည်တံ့သည့် စီးပွားရေးနှင့် မိတ်ဖက်ရင်းနှီးမြှုပ်နှံမှုများ တည်ဆောက်ရန် အရေးကြီးကြောင်းလည်း အလေးပေးဆွေးနွေးခဲ့ကြသည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## တောမီးပျံ့နှံ့လာသဖြင့် အင်ဒိုနီးရှားရှိ ဘရိုမိုတောင် ခရီးသွားဒေသကို ပိတ်ထား

**ဂျကာတာ ဩဂုတ် ၉**

တောမီးလောင်မှု ဆက်လက်ဖြစ်ပွားနေသဖြင့် အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဘရိုမိုတောင် ခရီးသွားဒေသကို ဩဂုတ် ၈ ရက် ညပိုင်းမှစတင်၍ ပိတ်ထားလိုက်ကြောင်း Bromo Tengger Semeru အမျိုးသားဥယျာဉ်အာဏာပိုင်အဖွဲ့က ဩဂုတ် ၈ ရက်တွင် ပြောသည်။

ဩဂုတ် ၈ ရက် ည ၁၀ နာရီမှ စတင်၍ အဆိုပါ ခရီးသွားဒေသ ပိတ်ထားမှု အသက်ဝင်ခဲ့ပြီး နောက်ထပ် အကြောင်းကြားချက် မထုတ်ပြန်မချင်း ပိတ်ထားမည်ဖြစ်သည်။

ဩဂုတ် ၃ ရက်က စတင်လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် မြေဧရိယာ ဟက်တာ ၁၇၀ ခန့် လောင်ကျွမ်းခဲ့ပြီးဖြစ်သည်။ တောမီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးအတွက် ရည်ရွယ်၍ အမျိုးသားဥယျာဉ်ကို ပိတ်ထားရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။



ပိတ်ထားသည့်ကာလအတွင်း အွန်လိုင်းမှ လက်မှတ်ဝယ်ယူထားသူများအနေဖြင့် ငွေပြန်အမ်းရန် တောင်းခံခြင်း သို့မဟုတ် ခရီးစဉ် အချိန်ပြောင်းလဲခြင်းတို့ ပြုလုပ်နိုင်ကြောင်း သိရသည်။ တောမီးလောင်ရသည့် အကြောင်းရင်းကိုမူ မသိရသေးပေ။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ ရာသီဥတုဆိုးရွားမှုကြောင့် လူ ၃၈၀၀၀၀ ကျော် ထိခိုက်

**မနီလာ ဩဂုတ် ၉**

အနောက်တောင်မုတ်သုံလေ အားကောင်းလာမှုနှင့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများကြောင့် ဖိလစ်ပိုင်နိုင်ငံ ဒေသကြီးရှစ်ခုတွင် နေထိုင်သူ ၃၈၀၀၀၀ ကျော်မှာ ရာသီဥတုဆိုးရွားမှုဒဏ်ကို ခံစားခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံပိုင် သတင်းမီဒီယာက ဩဂုတ် ၉ ရက်တွင် ဖော်ပြသည်။

ရာသီဥတုဆိုးရွားမှုဒဏ်ကို ခံစားခဲ့ရသည့် မိသားစုပေါင်း ၁၁၀၀၀၀ ရှိပြီး သေဆုံးသူ ခြောက်ဦးနှင့် ဒဏ်ရာရရှိသူ ခုနစ်ဦးရှိကြောင်း ဖိလစ်ပိုင်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် ရာသီဥတုဆိုးရွားမှုကြောင့် အိမ်ခြေ ၁၄၈ လုံး ပျက်စီးခဲ့သည်။

သေဆုံးသူ ခြောက်ဦးအနက် နှစ်ဦးမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုအတွင်း သေဆုံးခဲ့ ခြင်းဖြစ်ပြီး နှစ်ဦးမှာ ကျောက်တုံးများ ပြိုကျလာမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ကျန်နှစ်ဦးမှာ ရေနစ်ခြင်းနှင့် ဓာတ်လိုက်ခြင်းတို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း တရားဝင်ဖော်ပြ ချက်အရ သိရသည်။

ကယ်ဆယ်ရေးစင်တာပေါင်း ၈၆ ခုကို ဖွင့်လှစ်ထားပြီး ထိုနေရာများတွင် ခိုလှုံနေသူ ၇၃၀၀ ရှိကြောင်း အမျိုးသား သဘာဝဘေးလျော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ပြောသည်။ ကယ်ဆယ်ရေးစင်တာများတွင် မဟုတ်ဘဲ အခြားနေရာများ၌ နေထိုင်နေသူ ၃၇၀၀ ခန့် ရှိကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျသဖြင့် လေးဦးသေဆုံး

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၉**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့အတွင်း သစ်တောဧရိယာ၌ ဩဂုတ် ၈ ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားသဖြင့် လေးဦးထက်မနည်း သေဆုံးကြောင်း မီးသတ်သမားများက ပြောကြားသည်။

အယ်တို ဒါဘိုအာ ဗစ္စတာ ဒေသရှိ ဗစ္စတာ ချီနီဆာဧရိယာအတွင်း ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၁ မိနစ်ခန့်က ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ကြောင်း၊ ဒေသခံမီးသတ်တပ်ဖွဲ့ကို အခင်းဖြစ်ပွားရာနေရာသို့ ခေါ်ဆောင်ခဲ့ပြီးနောက် သစ်တောထူထပ်သည့် နေရာအတွင်း အပျက်အစီးများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက ကနဦးတွင် သေဆုံးသူ လေးဦးရှိကြောင်း အတည်ပြုခဲ့သော်လည်း ၎င်းတို့၏ အထောက်အထားများ သို့မဟုတ် အခြားအသေးစိတ် အချက်အလက်များကို ထုတ်ပြန်ထားခြင်း မရှိသေးပေ။

**ဆင်ဟွာ**

## ဟူသီအုပ်စုက ယီမင်အနောက်ပိုင်းရှိ ဆော်ဒီကျောထောက်နောက်ခံပြုတပ်ဖွဲ့များကို ဒုံးကျည်နှင့် ဒရုန်းများဖြင့် တိုက်ခိုက်

**ဆာနား ဩဂုတ် ၉**

ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက နိုင်ငံအနောက်ပိုင်း တာအစ်ဇ်ပြည်နယ်၏ မဟာဗျူဟာမြောက် ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သည့် မိုခါ (Mocha) မြို့အတွင်းရှိ ဆော်ဒီကျောထောက်နောက်ခံပြု တပ်ဖွဲ့များကို ဩဂုတ် ၉ ရက်တွင် ပြင်းထန်သည့် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း အဆိုပါ အုပ်စုက ပြောကြားသည်။

စစ်ဆင်ရေးတွင် မိုခါဒေသအတွင်း ယင်းအုပ်စု၏ စုစည်းရာနေရာများနှင့် လက်နက်ဂိုဒေါင်များကို ပစ်မှတ်ထားကာ ပဲ့ထိန်းဒုံးကျည်များနှင့် ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ယာ့ယာ ဆာရီယာက လူမှုကွန်ရက်မီဒီယာ X တွင် ထုတ်ပြန်ပြောကြားသည်။

အဆိုပါဒေသအတွင်း ကျယ်လောင်သည့် ပေါက်ကွဲသံများကြားရပြီး မီးခိုးများ ထွက်ပေါ်နေသည်ကို မြင်တွေ့ရကြောင်း ဒေသခံများက ဆိုသည်။

**ဆင်ဟွာ**

## အပူချိန်လွန်ကဲမှုကြောင့် ပြင်သစ်တောင်သူလယ်သမားများ ယူရိုဘီလီယံနှင့်ချီ အကူအညီလိုအပ်ဟုဆို

**ပါရီ ဩဂုတ် ၉**

ဆိုးရွားပြင်းထန်သော အပူချိန်နှင့် ယင်းကြောင့် ဖြစ်ပေါ်သော တောမီးလောင်မှုနှင့် မိုးခေါင်ရေရှားမှုများကြောင့် ဆုံးရှုံးခဲ့ရမှုများကို ပြန်လည်ကုစားရန် ပြင်သစ်လယ်သမားများအနေဖြင့် ယူရို ဘီလီယံနှင့်ချီ အကူအညီများ လိုအပ်မည်ဖြစ်ကြောင်း ပြင်သစ်အမျိုးသားလယ်သမားများသမဂ္ဂအဖွဲ့ (FNSEA) ဥက္ကဋ္ဌ အာနိုးရူဆိုက ဩဂုတ် ၈ ရက်တွင် ပြောသည်။

ပိုမိုတိကျသည့် ပမာဏကို သိရှိနိုင်ရန် အပူလှိုင်းအဆုံးသတ်မည့် အချိန်အထိ စောင့်ဆိုင်းရဦးမည်ဖြစ်ပြီး ယူရို ဘီလီယံနှင့်ချီ အကူအညီ လိုအပ်မှုမှာ မကြုံစဖူး ပမာဏဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးယပ်ကျော်လွန်ပါက စိုက်ပျိုးထုတ်လုပ်ရန် မဖြစ်နိုင်ကြောင်း အာနိုးရူဆိုက ပြင်သစ်အင်ဖိုရေဒီယိုမှတစ်ဆင့် ပြောကြားသည်။

ဇူလိုင်လနှောင်းပိုင်းတွင် ပြင်သစ်စိုက်ပျိုးရေးဝန်ကြီး အန်နီဂျေနီဗတ်က အပူချိန်လွန်ကဲမှုကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရပြီး ဟင်းသီးဟင်းရွက်ထွက်ရှိမှုနှင့် နို့ထွက်နှုန်းများ သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ ထို့အပြင် မွေးမြူရေးတိရစ္ဆာန် သေဆုံးမှုနှုန်းလည်း မြင့်တက်လာကြောင်း မှတ်ချက်ပြုသည်။

ဥရောပတိုက်သည် အဆိုးရွားဆုံး အပူလှိုင်းနှင့် ကြုံတွေ့နေရပြီး စပိန်၊ ပေါ်တူဂီ၊ ပြင်သစ်၊ အီတလီနှင့် ဂရိနိုင်ငံတို့တွင် အပြင်းထန်ဆုံးဖြစ်ပေါ်နေကြောင်း သိရသည်။ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ကလည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း ယခုနွေရာသီတွင် အဆိုးရွားဆုံး တောမီးလောင်မှု အခြေအနေနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဇူလိုင်လတွင် ပြောကြားခဲ့သည်။

**စပွတ်နစ်ခ်**

## ကနေဒါ၌ တောမီးကြောင့် ပြည်နယ်အဆင့် အရေးပေါ်အခြေအနေ ကြေညာ

**အော့တဝါ ဩဂုတ် ၉**

ကနေဒါနိုင်ငံ အနောက်ပိုင်းရှိ ဗြိတိသျှကိုလံဘီယာ (ဘီစီ) ပြည်နယ်တွင် လျင်မြန်စွာကူးစက်ပျံ့နှံ့နေသော တောမီးများကြောင့် မြို့နှင့် ကျေးရွာအများအပြား ခြိမ်းခြောက်ခံနေရသဖြင့် ဩဂုတ် ၈ ရက်တွင် ပြည်နယ်အဆင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း သိရသည်။



ဗန်ကူဗာမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဘီစီ ပြည်နယ်ဝန်ကြီးချုပ် ဒေးဗစ်အီဘီက လျင်မြန်စွာ ပျံ့နှံ့နေသည့် တောမီးအန္တရာယ်နှင့် ညတွင်းချင်း လူအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည့် အခြေအနေများကြောင့် ပြည်နယ်အဆင့် အရေးပေါ်အခြေအနေ ကြေညာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

တောမီးလောင်ကျွမ်းမှု အခြေအနေမှာ အလွန်အမင်းအန္တရာယ်များပြီး အချိန်နှင့်အမျှ ပြောင်းလဲနေကြောင်း အီဘီက ပြောသည်။

ထို့အပြင် ပြည်သူများ၏ အသက်အန္တရာယ်ကို ကာကွယ်ခြင်းနှင့် ကယ်ဆယ်ရေးကြိုးပမ်းမှုများကို ပံ့ပိုးပေးခြင်းမှာ အစိုးရ၏ အဓိကဦးစားပေး လုပ်ငန်းစဉ်အဖြစ် လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဖက်ဒရယ် အစိုးရအနေဖြင့် ဘီစီပြည်နယ်ရှိ မီးသတ်သမားများနှင့် ကယ်ဆယ်ရေးအဖွဲ့များ၏ ကြိုးပမ်းမှုများကို အပြည့်အဝ ကူညီပံ့ပိုးပေးရန် အဆင်သင့်ရှိကြောင်း ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေက ဩဂုတ် ၈ ရက် နှောင်းပိုင်းတွင် လူမှုကွန်ရက်မှတစ်ဆင့် ပြောကြားထားသည်။

**ဆင်ဟွာ**

## အာဖဂန်ရဲတပ်ဖွဲ့က တာခါး၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ၍ လူခြောက်ဦးကို ဖမ်းဆီး

**ကဘူးလ် ဩဂုတ် ၉**

အာဖဂန်ရဲတပ်ဖွဲ့သည် တာခါးပြည်နယ် မြောက်ပိုင်း၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိပြီး လူခြောက်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း ပြည်နယ် ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ နီဇာမူဒင်အိုမီယာက ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။

ယာဉ်များအတွင်း ဝှက်ထားသည့် မူးယစ်ဆေးဝါးများကို သယ်ဆောင်လာစဉ် ဩဂုတ် ၈ ရက်ညက အဆိုပါသံသယရှိသူများကို ဖမ်းဆီးရမိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါအမှုအား သက်ဆိုင်ရာအာဏာပိုင်များထံ လွှဲပြောင်းပေးခဲ့ပြီး သံသယရှိသူများအပေါ် ပဏာမစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

## စကားတစ်ခွန်းရဲ့နောက်ကွယ်

— မေ —



လူတစ်ယောက်ရဲ့ အတွေးအခေါ်၊ အတွင်းစိတ်နဲ့ ကိုယ်ရည်ကိုယ်သွေးကို သူစကားပြောပုံကနေ အကဲဖြတ်လို့ရပါတယ်။ စကားလုံး နည်းနည်းလေးပဲ ပြောလိုက်ရပေမယ့် အသုံးအနှုန်းနဲ့ လေသံပေါ်မူတည်ပြီး တစ်ဖက်လူရဲ့ ရင်ကို နွေးထွေးသွားစေနိုင်သလို၊ ဓားနဲ့မွှန်းသလိုလည်း နာကျင်သွားစေနိုင်ပါတယ်။ စကားပြောဆိုမှုဟာ ကိုယ့်ရဲ့ စိတ်ဓာတ်အဆင့်အတန်းကို ပြသနေတဲ့ မှန်တစ်ချပ်ဖြစ်ပါတယ်။

စကားပြောတဲ့အခါ ကိုယ်ပြောချင်တာ တစ်ခုတည်းကိုပဲ အာရုံစိုက်မနေဘဲ နားထောင်နေသူရဲ့ အခြေအနေနဲ့ ခံစားချက်ကိုပါ ငဲ့ကြည့်ဖို့လိုပါတယ်။ မိမိအမြင်ကို ဖော်ပြရာမှာ ယဉ်ကျေးစွာဖော်ပြတာ၊ မတူညီတဲ့ အယူအဆတွေကို လေးစားပေးတာဟာ ရေရှည်ခိုင်မာမယ့် ဆက်ဆံရေးကို တည်ဆောက်ပေးပါတယ်။ စကားပြောရာမှာ ကိုယ်အနိုင်ရရှိရေးထက် နားလည်မှုရရှိရေးကို ဦးစားပေးသင့်ပါတယ်။

စကားဝိုင်းတစ်ခုမှာ အနိုင်ရဖို့ထက် အပြန်အလှန် နားလည်မှုရဖို့က ပိုမိုအရေးကြီးပါတယ်။ စိတ်မရှည်ဘဲ ဆတ်ခနဲ တုံ့ပြန်တာ၊ စကားလုံးနဲ့ နှိမ်ပြောတာ၊ အထင်သေးတဲ့ စကားလုံးတွေ သုံးတာတွေက ဆက်ဆံရေးကို အက်ကြောင်းဖြစ်စေပါတယ်။ ဒေါသထွက်နေချိန် သို့မဟုတ် စိတ်လှုပ်ရှားနေချိန်မှာ ခဏငြိမ်သက်ပြီးမှ စကားပြောတတ်တဲ့ အလေ့အကျင့်ကို လေ့ကျင့်ယူရပါမယ်။

"ကျေးဇူးပါ"၊ "တောင်းပန်ပါတယ်"၊ "ခွင့်ပြုပါ" ဆိုတဲ့ စကားလေးတွေကို အချိန်အခါကိုက် ပါးစပ်က အလွယ်တကူထွက်တတ်အောင် လေ့ကျင့်ထားတာဟာ အလှပဆုံး ယဉ်ကျေးမှုအကျင့်ကောင်း ဖြစ်ပါတယ်။ ဒီစကားလုံးလေးတွေဟာ အရေးမပါဘူးလို့ ထင်ရပေမယ့် လူမှုဆက်ဆံရေးမှာ ဖြစ်ပေါ်လာနိုင်တဲ့ အတားအဆီးတွေကို ရှင်းလင်းပေးနိုင်တဲ့ အမှန်တကယ် စိမ့်ဝင်ထက်မြက်တဲ့ သဝဏ်လွှာလေးတွေ ဖြစ်ကြပါတယ်။

## ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ မြစ်ကြီးနားမြို့၌ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၉**

ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသတွင်းရှိ ပြည်သူများ နည်းပညာဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် အသိပညာဗဟုသုတ ပိုမိုသိရှိ နားလည်စေရေး ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရောဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအား လျှပ်စစ်စီမံကိန်း ဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီတို့က မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်နေ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများကို ယမန်နေ့က မြစ်ကြီးနားမြို့ မြို့မရပ်ကွက်နှင့် လယ်ကုန်းရပ်ကွက်တို့တွင် ပြုလုပ်သည်။



နံနက်ပိုင်းတွင် မြို့မရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် မြို့မရပ်ကွက် အောင်ဆန်းလမ်းနှင့် စည်ပင်သာယာ လမ်းထောင့်ရှိ စံပယ်ခန်းမ၌ တွေ့ဆုံခဲ့ကြပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ အောင်ဝင်းက ရေအား လျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သည့်နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာ ပညာရှင်တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုပေါ် မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာခြားပုံ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို သုံးသပ်ဆွေးနွေး ပြောကြားခဲ့သည်။

အလားတူ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၁၄) သီရိဒူရိဂါးမယ်တော်ကျောင်းရှိခန်းမ၌ ရောဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအား လျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ရပ်ကွက်နေပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




## တိုက်ကြီးမြို့နယ်၌ ဉာဏ်အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**တိုက်ကြီး ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဉာဏ်အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့က ဆင်စခန်းကျေးရွာအုပ်စု ကန်သာယာကျေးရွာတွင် ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်၊ မှော်ဘီမြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်း၊ တိုက်ကြီးမြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာ ထွန်းလှိုင်(မြိုင်)တို့က ဉာဏ်အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ဝတ်ရည်(ပြန်/ဆက်)



## ဖြူးမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

**ဖြူး ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိစားအုန်းဆီ လက်လီလက်ကားကိုယ်စားလှယ်အရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများရောင်းချနေမှုကို ဩဂုတ် ၇ ရက်တွင် တောင်ငူခရိုင်ဆီကုန်သည်များအသင်းဥက္ကဋ္ဌ ဦးကျော်သိန်း၊ တောင်ငူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမျိုးအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်အောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ နေမျိုးလွင်(ပြန်/ဆက်)



မြင်းမူမြို့တွင် ရောဝတီမြစ်ရေကြီးရေလျှံမှုဖြစ်ပွားလာပါက ပြည်သူများ အလွယ်တကူရွှေ့ပြောင်းပေးနိုင်ရန်အတွက် ဩဂုတ် ၉ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိစဉ်။ နေလင်းအောင်(ပြန်/ဆက်)



နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊
တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ၊
ဒုတိယအကြိမ် အကောင်းဆုံးပါ။

# လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု

ဝေယံ

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာတွင် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု (Unit Losses)လျှော့နည်းရေးက အဓိကအချက်ဖြစ်ပါသည်။ လျှပ်စစ်ဌာန၏ ဝင်ငွေရရှိမှုအရှုံး၊ အမြတ်သည် ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းပေါ်တွင်လည်း မူတည်နေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်းမြင့်မားမှုတွင် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အရေးပါသောအချက်တစ်ခုဖြစ်ပါသည်။**



ထိုင်းနိုင်ငံတွင် အိမ်သုံးမီတာများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

**ဓာတ်အားပျောက်ဆုံးမှု**

လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စက်ရုံ၊ လျှပ်စစ်ဓာတ်အားခွဲရုံက ထုတ်လုပ်ပို့လွှတ်ပေးသော လျှပ်စစ်ဓာတ်အားယူနစ်ပေါင်းနှင့် ဓာတ်အားသုံးစွဲသူများထံမှ တောင်းခံရရှိသော လျှပ်စစ်ယူနစ်ပေါင်းတို့၏ ကွာခြားယူနစ်ပမာဏ၏ ရာခိုင်နှုန်းပင်ဖြစ်ပါသည်။ ပို့လွှတ်ပေးသော ယူနစ်ပေါင်းက ၁၀၀၀၀၀ ယူနစ်ဖြစ်ပြီး ပြန်လည်တောင်းခံရရှိသော ဓာတ်အားယူနစ်ပေါင်းသည် ၈၀၀၀၀ ယူနစ်ဖြစ်ပါက ပျောက်ဆုံးယူနစ် ၂၀၀၀၀ ယူနစ်ဖြစ်ပြီး ရာခိုင်နှုန်းဖြင့် တွက်ချက်ပါက ၂၀ ရာခိုင်နှုန်း ဓာတ်အားပျောက်ဆုံးမှုဖြစ်ပါသည်။ အဆိုပါ ၂၀ ရာခိုင်နှုန်းတွင် တရားမဝင်ဓာတ်အားသုံးစွဲမှုသည် ၁၀ ရာခိုင်နှုန်းကျော် ပါဝင်နိုင်ပါသည်။

**ဓာတ်အားပျောက်ဆုံးမှု ဘယ်နှမျိုးခွဲထားလဲ**

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုကို အောက်ပါအတိုင်း နှစ်မျိုး ခွဲခြားထားပါသည် –

(က) **နည်းပညာပိုင်းဆိုင်ရာ ပျောက်ဆုံးမှု (Technical Losses)။** ဓာတ်အားသုံးစွဲသူထံမရောက်မီ လျှပ်စစ်ဓာတ်အားဖြတ်သန်းစီးဆင်းခဲ့ရသော ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်မီတာများ(ရပ်၊ ပျက်၊ နှေး) များကြောင့် ဓာတ်အားဆုံးရှုံးမှုပင်ဖြစ်ပါသည်။ နည်းပညာဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရန်အတွက် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ အရည်အသွေးကောင်းရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ မီတာများစစ်ဆေးခြင်းနှင့် မီတာများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(ခ) **နည်းပညာမဟုတ်သော ပျောက်ဆုံးမှု (Non–Technical Losses)။** အောက်ဖော်ပြပါ အချက်များကြောင့် ဖြစ်ပါသည် –

(၁) ဓာတ်အားလိုင်းနှင့် သစ်ပင်သစ်ကိုင်းများထိနေခြင်း၊
(၂) မီတာဖတ်မှုမမှန်ခြင်း၊
(၃) တရားမဝင်ဓာတ်အားသုံးစွဲခြင်း။

**ဓာတ်အားလိုင်းနှင့် သစ်ပင်သစ်ကိုင်းများ ထိနေခြင်း**

ဓာတ်အားလိုင်းကြိုးများနှင့် သစ်ပင်သစ်ကိုင်းများ ထိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားသည် သစ်ပင်သစ်ကိုင်းမှတစ်ဆင့် မြေကြီးသို့ စီးဝင်မှုဖြစ်ပြီး ဓာတ်အားဆုံးရှုံးမှုဖြစ်စေပါသည်။ လျှပ်စစ်ဌာနအနေဖြင့် ဓာတ်အားလိုင်းနှင့်ထိနေသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ Insulated Cover ပါသော လိုင်းကြိုးများ အသုံးပြုခြင်းများ ဆောင်ရွက်ရပါမည်။

**မီတာဖတ်မှုမမှန်ခြင်း**

မီတာဖတ်မှုမမှန်ခြင်းတွင် အောက်ပါအချက်များကြောင့်ဖြစ်ပါသည် –

(က) မီတာဖတ်ရာတွင် အိမ်ရှင်မရှိ၍ အိမ်အတွင်း၊ ခြံအတွင်း တပ်ထားသော မီတာများ မဖတ်နိုင်ခြင်းဖြစ်ပါသည်။

(ခ) မီတာဦးရေတိုးလာသော်လည်း ဝန်ထမ်းဖွဲ့စည်းပုံမတိုးခြင်းကြောင့် လျှပ်စစ်ရုံးများတွင် ယာယီနေ့စားဝန်ထမ်းများ ခန့်ထား၍ မီတာဖတ်ခြင်းများ ဆောင်ရွက်နေရသဖြင့် လုပ်ငန်းဆိုင်ရာအားနည်းမှု၊ စည်းကမ်းဖောက်ဖျက်မှုများကြောင့် ဖြစ်ပါသည်။

(ဂ) မြို့နယ်များတွင် အမျိုးအစားမတူသော မီတာများဖြစ်သည့် မျက်မြင်ဖတ်မီတာများ၊ OMR မီတာ (Remote ဖတ်မီတာ) နှစ်မျိုး၊ သုံးမျိုး ရောနှောတပ်ဆင်ထားခြင်းကြောင့် မီတာဖတ်စဉ်နှင့် Bill ထုတ်စဉ်တွင် မှားယွင်းမှု၊ အချိန်ကြန့်ကြာမှုများဖြစ်စေပါသည်။

**တရားမဝင်ဓာတ်အားသုံးစွဲခြင်း**

မီးသုံးသူများ၊ လုပ်ငန်းရှင်များက မိမိသုံးစွဲသည့် ဓာတ်အားယူနစ်အတိုင်း ကျသင့်ငွေကို ပေးဆောင်ရန်ဖြစ်ပါသည်။ အချို့မီးသုံးသူများ၊ လုပ်ငန်းရှင်များသည် မိမိအကျိုးအမြတ်ရရှိရေးအတွက် မသမာသောနည်းလမ်းများဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုကို ဆောင်ရွက်နေကြခြင်းကြောင့် နိုင်ငံတော်၏ဝင်ငွေများစွာ ဆုံးရှုံးလျက်ရှိပါသည်။ တရားမဝင် ဓာတ်အားသုံးစွဲမှု ဆောင်ရွက်နေသော နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မီတာမလည်အောင်၊ မီတာလည်ပတ်မှုနှေးအောင် ဆောင်ရွက်ခြင်း။ (Analog မီတာများတွင် အများဆုံးပြုလုပ်ကြပါသည်။)

(ခ) မီတာမဝင်မီ လိုင်းကြိုးနေရာမှ မီးလိုင်းကိုဖောက်၍ အသုံးပြုခြင်း။

(ဂ) မီတာမရှိဘဲ ဓာတ်အားလိုင်းကြိုးမှချိတ်၍ အသုံးပြုခြင်း။

(ဃ) လမ်းမီးများ မီတာမရှိဘဲ ဓာတ်အားလိုင်းကြိုးမှချိတ်၍ အသုံးပြုခြင်း။ (နေ့ခင်းချိန်ပင် မပိတ်ဘဲထားမှုများရှိနေသည်။)

- ❖ **မီတာကိုမမြင်ရ၍ မီတာဖတ်မှုမမှန်ခြင်း မဟုတ်ပါ။ မီတာဖတ်ဝန်ထမ်းအခက်အခဲ၊ ဝန်ထမ်းစည်းကမ်းဖောက်မှုများကြောင့်သာ မီတာ Billများ မမှန်ခြင်းဖြစ်ရာ မီတာများ အိမ်ခြံအတွင်း ပြန်လည်တပ်ဆင်ခြင်းဖြင့် မီးသုံးသူအချို့၏ Complainကို ဖြေရှင်းရာမရောက်ဘဲ ဓာတ်အားပျောက်ဆုံးမှု(Losses)သာ တိုးလာမည်**
- ❖ **တရားမဝင် ဓာတ်အားသုံးစွဲမှုရအောင် ပူးပေါင်းဆောင်ရွက်ပေးသူကိုပါ ဖော်ထုတ်အရေးယူပါက ဓာတ်အားပျောက်ဆုံးမှုများ လျှော့နည်းသွားနိုင်မည်**
- ❖ Smart Meter **စနစ်ဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုကို** Monitor **လုပ်ဖော်ထုတ်ပေးခြင်း၊ သံသယဖြစ်သော မီးသုံးသူစာရင်း** (Yellow List)**ကို ဖော်ပြပေးခြင်း၊ မီတာချွတ်ယွင်းမှုကိုလည်း ဖော်ထုတ်ပေးခြင်း၊ ဓာတ်တိုင်တက်ရန်မလို** Online **ဖြင့် ဓာတ်အားဖြတ်တောက်မှု (မီတာကိုပိတ်ခြင်း) ဆောင်ရွက်နိုင်ခြင်းများကြောင့် တရားမဝင်ဓာတ်အားသုံးစွဲမှုကို လျှော့နည်းစေရေးတွင် များစွာထိရောက်မှုရှိမည်**

**စစ်ဆေးအရေးယူဆောင်ရွက်ခြင်း**

တရားမဝင် ဓာတ်အားသုံးစွဲမှုသည် လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးစဉ် ကာလကတည်းကပင် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးစဉ်က လျှပ်စစ်မီတာများ ရှားပါးမှုကြောင့် မီတာကို အိမ်ခြံအတွင်း၊ အိမ်အတွင်း တပ်ဆင်လာခဲ့ကြရာ ယခုကာလအထိဖြစ်ပါသည်။ လူ့သဘော လူ့သဘာဝအရ **"လွယ်လျှင် သူကြွယ်ပင် လက်ဆော့"** ဆိုစကားအတိုင်း မသမာသောနည်းများဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများရှိလာပြီး ဌာနကလည်း စစ်ဆေးအရေးယူမှုများလည်း ဆောင်ရွက်ခဲ့ကြပါသည်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်တို့က စစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးခြင်း၊ ရုံးချုပ်ကလည်း အထူးစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကြပြီး ဒဏ်ကြေးနစ်နာကြေးများတောင်းခံခြင်း၊ တရားစွဲဆိုခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် မီတာကို ခြံတွင်း၊ အိမ်တွင်း တပ်ဆင်ထားခြင်းများတွင် စစ်ဆေးရေးအဖွဲ့များပြန်သွားသည်နှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုကို ပြန်လည်ပြုလုပ်လေ့ရှိကြသည်ကို တွေ့ခဲ့ကြသည်။ လျှပ်စစ်ဌာနက အရှုံးပေါ်၍ ဓာတ်အားခတိုးမြှင့်ကောက်ခံရာတွင် စည်းကမ်းလိုက်နာသော မီးသုံးစွဲသူများကသာ တိုးမြှင့်ပေးဆောင်ကြရပါသည်။

**တရားမဝင် ဓာတ်အားသုံးစွဲမှု လျှော့နည်းစေရေး ဆောင်ရွက်ရန်**

တရားမဝင် ဓာတ်အားသုံးစွဲမှု လျှော့နည်းစေရန်အတွက် ဓာတ်အားဖြန့်ဖြူးရေးဌာနများ၊ ကုမ္ပဏီများက အောက်ပါအချက်များကို ဆောင်ရွက်ကြပါသည်–

(က) **မီတာတပ်ဆင်မှုစနစ်။** မီတာတပ်ဆင်မှုစနစ် ကောင်းမွန်ပါက တရားမဝင် ဓာတ်အားသုံးစွဲမှုလျှော့နည်းပြီး လူအင်အား (Manpower) အသုံးပြုနေရမှုကို များစွာလျှော့ချနိုင်ပါသည်။

(ခ) **Seal ခတ်ခြင်း။** မီတာအသစ်တစ်လုံး တပ်ဆင်ရာတွင် တရားမဝင် ဓာတ်အားသုံးစွဲခြင်းမှ ကာကွယ်ရန်အတွက် Meter Seal၊ Terminal Seal၊ Box Seal ဟူ၍ သုံးမျိုးခတ်ထားရပြီး Seal များတွင် Code နံပါတ် သုံးလုံးမှ ငါးလုံးအထိ ပါရှိပါသည်။ မီတာနံပါတ်၊ မီးသုံးစွဲသူလယ်ဂျာစာရင်းနှင့်တွဲ၍ Seal နံပါတ်များပါ တွဲမှတ်ထားရပါသည်။ ပုဂ္ဂလိက ထရန်စဖော်မာများ၏ ၄၀၀ ဗို့ အထွက်ငုတ် (LT bushing cover) များကိုလည်း Seal ခတ်ရပါသည်။ Seal များကိုလည်း လုံခြုံစိတ်ချရသောနေရာမှ သီးခြားမှာယူတင်သွင်းရပါသည်။ မီတာ Box Cover များမရှိပါက ပြန်လည်တပ်ဆင်ရပါသည်။

(ဂ) **ရပ်၊ ပျက်၊ နှေး မီတာများ။** ရပ်၊ ပျက်၊ နှေး မီတာများ ရှိ/မရှိကို ပုံမှန်စစ်ဆေးပြီး အမြန်ဆုံး လဲလှယ်တပ်ဆင်ပေးရပါမည်။ မီတာလဲရန်မရှိ၍ ပျမ်းမျှနှုန်းဖြင့် ကောက်နေမှုသည်လည်း ဓာတ်အားပျောက်ဆုံးမှုများစေပါသည်။

(ဃ) **မီတာပြတ်လပ်မှုမရှိရန်လိုအပ်။** မီတာလျှောက်ထားသူများအတွက် အချိန်ကြန့်ကြာမှုမရှိဘဲ တပ်ဆင်ပေးနိုင်ရန်၊ ရပ်၊ ပျက်၊ နှေး မီတာများ အမြန်ဆုံးလဲလှယ်နိုင်ရန်နှင့် သဘာဝဘေးဒဏ်ကြောင့် မီတာပျက်စီးမှုများကို အမြန်ဆုံးပြုပြင်ပေးနိုင်ရန်အတွက် ဌာနအနေဖြင့် မီတာပြတ်လပ်မှုမရှိအောင် စတိုတွင် အမြဲရှိအောင် ဆောင်ရွက်ထားကြရပါသည်။ ကုန်ပစ္စည်းရောင်းသည့်ကုမ္ပဏီသည် ပစ္စည်းပြတ်လပ်မှုမရှိအောင် ဖြည့်ဆည်းပေးနေရသည့်နည်းတူ မီတာပြတ်လပ်မှုမရှိအောင် မီတာတပ်ဆင်ရငွေများကို သီးခြားစာရင်း (Other Account) ထားရှိပြီး ယင်းရငွေများဖြင့် ထပ်မံဝယ်ယူရပါသည်။ မီတာပြတ်လပ်မှုမရှိ ဖြည့်ဆည်းပေးနိုင်ပါက မသမာသူအချို့၏ တရားမဝင် မီတာဈေးကွက်ဆောင်ရွက်မှု၊ မီတာဖြုတ်ခိုး ရောင်းချခြင်းများ ပျောက်သွားမည်ဖြစ်ပါသည်။

(င) **မီတာကို အိမ်ခြံအပြင်တွင် တပ်ဆင်ခြင်း။** နိုင်ငံတကာတွင် မီတာများကို အိမ်ခြံဝင်းအပြင်ဘက်တွင် တပ်ဆင်ထားကြပါသည်။ အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူတို့တွင် မီတာများကို ခြံအပြင်တွင် တပ်ဆင်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အိမ်ခြံအပြင်တွင် တပ်ဆင်ခြင်းသည် မီတာဖတ်ရန်၊ မီတာစစ်ဆေးပြုပြင်ရန် လွယ်ကူခြင်း (အိမ်ပိတ် ခြံပိတ်မှု)၊ မီးသုံးသူအနေဖြင့် ဝန်ထမ်းအယောင်ဆောင်သူများ၏ ငွေလိမ်လည်မှု၊ လုယက်မှုများနှင့် ရောဂါကူးစက်မှုများ ကင်းရှင်းမှုများမှ ကာကွယ်ပေးနိုင်ပါသည်။

*စာမျက်နှာ ၁၇ သို့*

## သီပေါမြို့နယ်၌ နမ့်ပေါ့ချောင်းကျောက်စီမြေထိန်းနံရံ ပြိုကျပျက်စီးသဖြင့် ရေတိုက်စားမှုဖြစ်ပေါ်သည့် ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာရှိ နမ့်ပေါ့ချောင်း ကျောက်စီမြေထိန်းနံရံသည် ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီခန့်တွင် ပြိုကျပျက်စီးသွားကြောင်း သိရှိရသည်။

အဆိုပါ မြေထိန်းနံရံ ပြိုကျပျက်စီးမှုကြောင့် ရေစီးလမ်းကြောင်းပြောင်းကာ ရေတိုက်စားမှုကြောင့် ညောင်ပင်ကွင်းကျေးရွာမှ ဦးဆုပညာ၏ နေအိမ်ခြံဝင်းရှိ ရေချိုးခန်း၊ အိမ်သာတွဲလျက် တစ်လုံး၊ ဒေါ်ခိုင်၏ နေအိမ်ခြံစည်းရိုး အုတ်တံတိုင်း အရှည် ပေ ၆၀ ခန့် ပြိုကျပျက်စီးသွားခဲ့ရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများမှ ကာကွယ်ရန် သဲအိတ်များစီ၍ အတားအဆီးများ ပြုလုပ်ခြင်း၊ လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်း၊ စက်ယန္တရားများ အသုံးပြု၍ ရေလမ်းကြောင်း လွှဲခြင်းများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် ရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံး ဒဏ်ရာရမှုမရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၆ မှ*

မီတာကို အိမ်ခြံဝင်းအတွင်း ထားရှိခြင်းသည် တရားမဝင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအတွက် ဆောင်ရွက်ရန်လွယ်ကူမှုရှိပြီး ဖမ်းဆီးရမိရန်ခက်ခဲပါသည်။ စစ်ဆေးရေးအဖွဲ့ အသံကြားသည်နှင့် ခြံတံခါးမဖွင့်ပေးမီ ခြေရာလက်ရာ ဖျောက်ထားနိုင်ပါသည်။ မီတာများကို ခြံအပြင် အုတ်နံရံ၊ ဓာတ်တိုင်များတွင် တပ်ဆင်ထားခြင်းဖြင့် မီတာမဝင်မီ ဆားဗစ်ကြိုးမှဖောက်၍ တရားမဝင် ဓာတ်အားသုံးစွဲမှုကို မဆောင်ရွက်နိုင်တော့ခြင်း၊ ဆားဗစ်ကြိုး Losses ကိုပါ သက်သာစေပါသည်။ မီတာမဝင်ခင် ဆားဗစ်ကြိုးက ဖောက်၍ သီးခြား ချိတ်ဆက်အသုံးပြုခြင်းသည် မီတာမတပ်ဘဲ လိုင်းကိုချိတ်၍ အသုံးပြုနေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် နိုင်ငံတကာတွင် မီတာများကို အိမ်ခြံဝင်းအပြင်တွင် တပ်ဆင်ထားကြခြင်းလည်း ဖြစ်ပါသည်။

(စ) **ဝန်ထမ်းပိုင်း**။ တရားမဝင် ဓာတ်အားသုံးစွဲမှု လျော့နည်းစေရေးတွင် ဝန်ထမ်းများ စည်းကမ်းလိုက်နာမှု၊ တာဝန်သိမှုများရှိရန် လိုအပ်ပါသည်။ ဝန်ထမ်းများကို အသိပညာပေးခြင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးများ ဆောင်ရွက်ပေးခြင်းများဖြင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးရပါမည်။ စည်းကမ်းဖောက်ဖျက်သော ဝန်ထမ်းများကိုလည်း အရေးယူအပြစ်ပေးရပါမည်။ ဆုပေး၊ ဒဏ်ပေးကို ဆောင်ရွက်ရပါမည်။

### Pilot Project စမ်းသပ်မှု

နေပြည်တော် လယ်ဝေးမြို့၌ ၂၀၁၂ ခုနှစ်က Pilot Project ဖြင့် Analog မီတာအဟောင်းများနေရာတွင် OMR မီတာ (Off-side Meter Reading) စနစ်ဖြင့် တစ်မြို့လုံးလဲလှယ်ခဲ့ရာတွင် အိမ်ခြံအပြင် ဓာတ်တိုင်များတွင်ပါ တပ်ဆင်ခဲ့ပါသည်။ မီတာတပ်ဆင်ပြီး ဓာတ်အားပျောက်ဆုံးမှုကို နှိုင်းယှဉ်ကြည့်ရာတွင် ယခင်က ၂၅ ရာခိုင်နှုန်းကျော်ရှိရာမှ ရပ်၊ ပျက်၊ နှေး မီတာများမရှိတော့ခြင်း၊ တရားမဝင် ဓာတ်အား သုံးစွဲမှုမရှိနိုင်တော့ခြင်းတို့ကြောင့် ၁၂ ရာခိုင်နှုန်းသာရှိတော့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ခြင်းကြောင့် လစဉ်ဝင်ငွေ ၁၃ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီး မြို့တစ်မြို့၏ မီတာအသစ်လဲလှယ်မှု ကုန်ကျစရိတ်ကို တစ်နှစ်အတွင်း ရရှိစေပါသည်။

အဆိုပါ လယ်ဝေးမြို့ Pilot Project ပြီးနောက် မြို့ကြီးများတွင် Analog မီတာများနေရာတွင် OMR မီတာများဖြင့် အစားထိုး၍ ဓာတ်တိုင်များပေါ်တွင် တပ်ဆင်ခဲ့ကြခြင်းဖြစ်ပါသည်။ မီးသုံးစွဲသူများကိုလည်း Analog မီတာများနှင့် Digital မီတာများ မီတာတက်ယူနစ်တူညီကြောင်းကို လက်တွေ့စမ်းသပ်ပြခြင်း၊ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ရိုးရိုးနာရီနှင့် Quartz နာရီ အချိန်မှန်မှု ဥပမာဖြင့် ရှင်းပြရခြင်း၊ Complain များကိုလည်း ကွင်းဆင်းမီတာဖတ်ပြခြင်းဖြင့် ဖြေရှင်းမှုများကို ဆောင်ရွက်ကြရသည်။ မီတာများကို ဖျက်ဆီးမှု မပြုနိုင်ရန်အတွက် တိုင်ပေါ်တွင် တင်ထားရခြင်းဖြစ်ပါသည်။

မီတာကိုမမြင်ရ၍ မီတာဖတ်မှုမမှန်ခြင်း မဟုတ်ပါ။ မီတာဖတ်ဝန်ထမ်းအခက်အခဲ၊ ဝန်ထမ်းစည်းကမ်းဖောက်မှုများကြောင့်သာ မီတာ Bill များ မမှန်ခြင်းဖြစ်ရာ မီတာများ အိမ်ခြံအတွင်း ပြန်လည်တပ်ဆင်ခြင်းဖြင့် မီးသုံးသူအချို့၏ Complain ကို ဖြေရှင်းရာမရောက်ဘဲ ဓာတ်အားပျောက်ဆုံးမှု (Losses) သာ တိုးလာမည်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် မီတာ လေးမျိုးစနစ် (4 Meter စနစ်) ကို ဆောင်ရွက်ခဲ့ပြီး အမျိုးအစားကွဲ Brand များ ဝယ်ယူကာ မီတာများကို အိမ်ခြံအတွင်း တပ်ဆင်ပေးခဲ့သည့်အတွက် မီတာဖတ်၊ Bill ထုတ်စနစ်များ ရှုပ်ထွေးမှုဖြစ်ကာ မီတာစနစ်ကို နောက်ပြန်ရောက်သွားခဲ့ပါသည်။

### ငွေကောက်ခံမှုစနစ် (Billing System)

ငွေကောက်ခံမှုစနစ် ကောင်းမွန်စေရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) မျက်မြင်မီတာဖတ်နေရာများတွင် ခေတ်မီမီတာစနစ်များဖြင့် အစားထိုးတပ်ဆင်ဆောင်ရွက်သွားခြင်းဖြင့် မှန်ကန်မှု၊ မြန်ဆန်မှုရှိခြင်း၊ Billing Software များဖြင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာလုပ်ငန်းအားလုံးကို ဆောင်ရွက်ပေးနိုင်ခြင်းတို့ကို ရရှိပါသည်။ လူအင်အား (Manpower) များစွာ လျှော့ချနိုင်မည်ဖြစ်ရာ ဝန်ထမ်းအင်အားအခက်အခဲနှင့် ဝန်ထမ်းစရိတ်များကို သက်သာမှုရရှိစေပါသည်။

(ခ) မီတာခပေးဆောင်ခြင်းကို Online စနစ်၊ ဘဏ်စနစ်တို့ကို ကျယ်ပြန့်စွာ အသုံးပြုနိုင်အောင် ဆောင်ရွက်ရပါမည်။ မီတာ Bill ပေးဆောင်နိုင်သော Online ဆက်သွယ်ထားသော ဆိုင်ငယ်လေးများ မှတစ်ဆင့် မီးသုံးသူများ ငွေပေးဆောင်မှုကို လွယ်ကူစေပါမည်။

(ဂ) ခေတ်မီ မီတာဖတ်စနစ်များ အသုံးပြုခြင်းဖြင့် မီတာဖတ်ရသော လူအင်အားကို လျှော့ချနိုင်သော်လည်း Bill ဝေရခြင်းကို ဆောင်ရွက်နေခြင်းကြောင့် လူအင်အားများစွာ ပြန်အသုံးပြုနေရသည်။ ခေတ်မီနည်းပညာဖြင့် မီတာဖတ်နိုင်ခြင်းကြောင့် လူအင်အားများစွာ အသုံးပြုနေရသော Bill ဝေခြင်းကို Online စနစ်၊ လျှပ်စစ်ရုံးသို့လာရောက်ကြည့်ရှု၍ Bill ဆောင်သောစနစ်ကို ဆောင်ရွက်ကြပါသည်။



ဗီယက်နမ်နိုင်ငံတွင် အိမ်သုံးမီတာများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

### အပြစ်ပေး အရေးယူစနစ်

တရားမဝင် ဓာတ်အားသုံးစွဲသူ အရေးယူရာတွင် ဒဏ်ကြေးနစ်နာကြေးတောင်းခံခြင်း၊ မီးဖြတ်ခြင်း၊ မီးသုံးစွဲမှုပိတ်ခြင်းများဖြင့် အရေးယူဆောင်ရွက်ကြပါသည်။ အချို့နိုင်ငံများတွင် ပြစ်မှုမကျူးလွန်ရဲအောင် ဒဏ်ငွေပေးဆောင်မှုအပြင် ထောင်ဒဏ်ပါ ချမှတ်ကြပါသည်။ လျှပ်စစ်ဥပဒေအရ တရားစွဲဆိုမှု၊ ပြစ်ဒဏ်ချမှတ်မှုများကိုလည်း မြန်ဆန်မှုရှိသောစနစ်ဖြင့် ဆောင်ရွက်ကြပါသည်။

### ပံ့ပိုးကူညီသူကိုပါ အရေးယူရမည်

တရားမဝင် ဓာတ်အားသုံးစွဲနိုင်အောင် လျှပ်စစ်ကျွမ်းကျင်သူများက ဆောင်ရွက်ပေးကြခြင်းဖြစ်ပါသည်။ ပြင်ပလျှပ်စစ်ကျွမ်းကျင်သူများနှင့် စည်းကမ်းဖောက် ဝန်ထမ်းများလည်း ပါဝင်ပတ်သက်ကြမည်ဖြစ်ပါသည်။ မီတာဖြုတ်ခိုးသူများသည် တစ်နေရာတွင် တပ်ဆင်ပေးခြင်းဖြစ်ရာ ယင်းမီတာနံပါတ်များ စစ်ဆေးတွေ့ရှိနိုင်ပါသည်။ တရားမဝင် ဓာတ်အားသုံးစွဲမှုရအောင် ပူးပေါင်းဆောင်ရွက်ပေးသူကိုပါ ဖော်ထုတ်အရေးယူပါက ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းသွားနိုင်မည်ဖြစ်ပါသည်။

### Smart Meter စနစ်

Smart Meter စနစ်သည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွက် အဆင့်မြင့်စနစ်ဖြစ်ပါသည်။ Online ဖြင့် မီတာဖတ်ခြင်း၊ Bill ထုတ်ခြင်း၊ ဘဏ္ဍာရေးစာရင်းများ ဆောင်ရွက်ခြင်း၊ Online မီတာခပေးချေခြင်း၊ မီးသုံးသူများက Android Phone ဖြင့် မိမိဓာတ်အားသုံးစွဲမှုကို Update ဝင်ကြည့်နိုင်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ၏ ဝန်အားသုံးစွဲမှု၊ ချွတ်ယွင်းမှုတို့ကို ကြည့်ရှုနိုင်ခြင်းဖြင့် ပြုပြင်ထိန်းသိမ်းမှု (Maintenance) အပိုင်းကိုလည်း များစွာအထောက်အကူဖြစ်စေပါသည်။

Smart Meter စနစ်ဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုကို Monitor လုပ် ဖော်ထုတ်ပေးခြင်း၊ သံသယဖြစ်သော မီးသုံးသူစာရင်း (Yellow List) ကိုဖော်ပြပေးခြင်း၊ မီတာချွတ်ယွင်းမှုကိုလည်း ဖော်ထုတ်ပေးခြင်း၊ ဓာတ်တိုင်တက်ရန်မလို Online ဖြင့် ဓာတ်အားဖြတ်တောက်မှု(မီတာကိုပိတ်ခြင်း) ဆောင်ရွက်နိုင်ခြင်းများကြောင့် တရားမဝင် ဓာတ်အားသုံးစွဲမှုကို လျော့နည်းစေရေးတွင် များစွာ ထိရောက်မှုရှိမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါက တရားမဝင်ဓာတ်အားသုံးစွဲမှုလျှော့ချနိုင်ရန် မြေပြင်အနေအထားအရ ကြိုတင်ကာကွယ်နိုင်မှု၊ ခေတ်မီနည်းပညာဆန်းသစ်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မီတာမှန်မှန်ဖတ်နိုင်အောင် ဆောင်ရွက်နိုင်ခြင်းသည် မီးသုံးစွဲသူ၏ယုံကြည်မှုကို ရရှိမည်ဖြစ်ပါသည်။ မီတာများ ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ပေးခြင်းသည် တရားမဝင် မီတာဈေးကွက်ဖြစ်မှု၊ မီတာအခိုးခံရမှုတို့ကို တားဆီးနိုင်ပါမည်။ ဓာတ်အားပျောက်ဆုံးမှုကို လျှော့ချနိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိလာပြီး ဓာတ်အားထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု ကုန်ကျစရိတ်များကို အထောက်အကူဖြစ်လာပါမည်။ ။

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့်ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန)များနဲ့ပတ်သက်ပြီး Quantitative Adjectives (ပမာဏပြနာမဝိသေသန) နဲ့ Numerical Adjectives (အရေအတွက်ပြနာမဝိသေသနများ) အကြောင်းကို ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about food and cooking–3 (အစားအစာတွေနဲ့ ချက်ပြုတ်ခြင်းနဲ့ဆိုင်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။) ကိုထင်းခန် လင်းခန်နဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန)**

**Exercise –1 မှအဖြေများ**

| | | |
|---|---|---|
| 1. poisonous | 2. round | 3. sharp |
| 4. green | 5. difficult | 6. interesting |
| 7. old | 8. reckless | 9. wood–burning |
| 10. happy | 11. long, bright | 12. Hot |

**Quantitative Adjectives (ပမာဏပြနာမဝိသေသန)များကို နမူနာဝါကျများဖြင့် ဖော်ပြရမည်ဆိုသော်–**

- I ate some rice.
- He showed much patience.
- He has little intelligence.
- We have had enough exercise.
- He has lost all his wealth.
- You have no sense.
- He did not eat any rice.
- Take great care of your health.
- A half holiday is better than none.
- There has not been sufficient rain this year.
- The whole sum was expended.

**Exercise (1) Choose the correct word. Then write out each sentence.**

e.g. He has lost (all, many) his wealth.
He has lost all his wealth.

1. She has only (a few, a little) coins in her purse.
2. Did you have to answer (much, many) questions?
3. There are (several, little) cows on the small farm.
4. The old beggar has (little, few) food to eat.
5. The (three, two) boys are twins.
6. He gave David (a, some) new watch for his birthday.
7. There isn't (many, much) ink left in the bottle.
8. He gave her (a few, some) money.
9. Which of the (some, two) roads leads to the station?
10. The proud boys has (few, little) friends.

**Numerical Adjectives (အရေအတွက်ပြ နာမဝိသေသနများ)**

လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုဘယ်လောက်များများရှိကြောင်း ဖော်ပြပြောဆိုသည့် စကားလုံးများကို Numerical Adjectives (အရေအတွက်ပြနာမဝိသေသနများ)ဟု ခေါ်သည်။ ၎င်းတို့သည် ရေတွက်ရနာမ်များ၏ အရေအတွက်ကို ဖော်ပြသည်။ ဥပမာ–

- The hand has five fingers.
- Few cats like cold water.
- There are no pictures in this book.
- I have taught you many things.
- All men must die.

Numerical Adjectives (အရေအတွက်ပြ နာမဝိသေသနများ)တွင် တိကျသည့် ကိန်းဂဏန်းများ **(Definite numerals)**နှင့် မတိကျသည့် ကိန်းများ **(Indefinite numerals)**တို့ ပါဝင်သည်။

(i) Definite Numeral Adjectives (တိကျသည့်ကိန်းဂဏန်းများကို ဖော်ပြသည့် နာမဝိသေသန)

**(ii) Indefinite Numeral Adjectives (မတိကျသည့် ကိန်းဂဏန်းများကို ဖော်ပြသည့် နာမဝိသေသန)**

(i) Definite Numeral Adjectives (တိကျသည့်ကိန်းဂဏန်းများကို ဖော်ပြသည့် နာမဝိသေသန)

Definite Numeral Adjectives (တိကျသည့် ကိန်းဂဏန်းများကို ဖော်ပြသည့် နာမဝိသေသန)တွင် တိကျသည့် ကိန်းဂဏန်းများ ပါဝင်သည်။ တိကျသည့် ကိန်းဂဏန်းများတွင် မူလကိန်းဂဏန်းများ သို့မဟုတ် အစဉ်ပြကိန်းများ (Cardinal numbers) နှင့် အဆင့်ပြကိန်းဂဏန်းများ သို့မဟုတ် အကြိမ်ပြကိန်းဂဏန်းများ (Ordinal numbers) တို့ ပါဝင်သည်။

**မူလကိန်းဂဏန်းများ သို့မဟုတ် အစဉ်ပြကိန်းများ (Cardinal numbers)**

one, two, three, …, twenty, twenty–one, …, thirty (30), sixty (60), seventy (70), eighty (80), ninety (90), one hundred (100), one hundred and one (101),

155 = one hundred and fifty–five

2643 = two thousand, six hundred and forty–three

33789 = thirty–three thousand, seven hundred and eighty–nine

- There are twenty– five boys and twenty girls in our class.
- I have two pens and six rulers.
- The teacher distributed ten dozen exercise books and three pencils to the students.

**အဆင့်ပြကိန်းဂဏန်းများ သို့မဟုတ် အကြိမ်ပြကိန်းဂဏန်းများ (Ordinal numbers)**

First, second, third, etc.
Twentieth century
Twenty–first street
Twenty–eighth day
Thirtieth of December

- December is the twelfth month of the year.
- Mandalay is the second largest city in Myanmar.
- Today is my twenty–ninth birthday.

## Vocabulary Enrichment Programme

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **back someone up = (ထောက်ခံအားပေးသည်)**
   **My friends backed me up.**
   ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်ကို ထောက်ခံအားပေးတယ်။
2. **bark up the wrong tree= (လူမှား/အကြောင်းအရာမှား စွပ်စွဲသည်။)**
   **You're barking up the wrong tree.**
   မင်းက လူမှားပြီး စွပ်စွဲနေတာပဲ။
3. **beat around the bush = (တည့်တည့်မပြောဘဲ လှည့်ပတ်ပြောသည်။)**
   **Stop beating around the bush.**
   လှည့်ပတ်ပြောနေတာတွေ ရပ်လိုက်ပါတော့။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Shortest way to talk about food and cooking–3**

**(အစားအစာတွေနဲ့ ချက်ပြုတ်ခြင်းနဲ့ဆိုင်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။)**

**ပထမဆုံးအောက်က မေးခွန်းလေးတွေကို ဖြေကြည့်ပါဦး။**

**Do you cook much?**

- I cook every day.
- I don't cook much – maybe once or twice a day.
- I don't cook. I've never learned how!

**If you don't cook, what can you do for food?**

- I eat in the canteen (စက်ရုံ၊ အလုပ်ရုံ၊ တက္ကသိုလ်နှင့် ကျောင်းရှိ စားသောက်ဆိုင်) at work.
- I generally get something from the supermarket, or get a takeaway (ဆိုင်မှ မှာယူပြီး အိမ် သို့မဟုတ် တခြားတစ်နေရာတွင် စားခြင်း).
- I take a packed lunch (ထမင်းချိုင့် ထည့်ခြင်း) to work.
- I eat leftovers (ထမင်းကျန်၊ ဟင်းကျန်) in the evening.

*… twice a week*
*…D2 Adjective than…*
*I prefer …*

၁။ တစ်ရက်ကို ဘယ်နှကြိမ်၊ တစ်ပတ်ကို ဘယ်နှကြိမ်၊ တစ်လကို ဘယ်နှကြိမ်၊ တစ်နှစ်ကို ဘယ်နှကြိမ် စသည်ဖြင့် အကြိမ်အရေအတွက်ကို ဖော်ပြပြောဆိုလိုတဲ့အခါ ***once၊ twice၊ three times၊ four times*** စသည်ဖြင့် ကိုယ်ပြောချင်တဲ့အကြိမ်အရေအတွက်ကို ဝါကျရဲ့နောက်မှာထားပြီး ပြောဆိုရပါတယ်။

ဥပမာ–

- I cook twice a week.
- I play golf once a month.
- I go shopping four times a month.

၂။ ပစ္စည်းနှစ်ခု သို့မဟုတ် အကြောင်းအရာနှစ်ခု၊ ဖြစ်ရပ်နှစ်ခု၊ လူပုဂ္ဂိုလ်နှစ်ဦးကို နှိုင်းယှဉ်ဖော်ပြလိုသည့်အခါ၊ တစ်ခုက တခြားတစ်ခုထက် ပိုကောင်းတာ သို့မဟုတ် ပိုညံ့တာကို ပြောချင်တဲ့အခါမှာ ***D2 Adjective than*** ကို သုံးပါတယ်။

ဥပမာ–

- Doing jigsaw puzzle is more interesting than reading books.
- Takeaway is more expensive and less healthy than cooking for myself.

၃။ တစ်ခုခုကို တခြားတစ်ခုခုထက် ပိုပြီးနှစ်သက်တယ်လို့ ပြောချင်ရင် I prefer နဲ့ သုံးပါတယ်။

ဥပမာ–

- I prefer sorbet to ice–cream.
- I prefer walking to cycling.
- I prefer eating home–cooked.

**Conversation**

Do you cook much?

Kate: Do you cook much?

Daniel: Sometimes. I cook maybe twice a week, but I'm too busy to do more than that.

Kate: What do you do the rest of the time?

Daniel: For lunch, I eat in the canteen at work. In the evening, I generally get something from the supermarket, or get a takeaway. I don't like it, because I know it's more expensive and less healthy than cooking for myself, but I just don't have the time. What about you?

Kate: I make most of my meals. I take a packed lunch to work, and then eat leftovers in the evening.

Daniel: That's a good system! I wish I could be so organized …

Kate: I prefer eating home–cooked and fresh food.

Daniel: Yeah, I'm the same way … Maybe I'll start cooking more.



## လက်ရှိကမ္ဘာ့အဆင့် (၆) ရှီယွန်တက်ခ် နေရှင်နယ်ဘဏ်အိုးပင်းကွာတားဖိုင်နယ်တက်ရောက်

လက်ရှိကမ္ဘာ့အဆင့် (၆) တွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် အီဂါရှီယွန်တက်ခ်သည် နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦး အဆင့်တွင် ယူကရိန်းတင်းနစ်မယ် မာတာကော့ကျူခ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၃-၆၊ ၆-၁၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ ဒုတိယအကြိမ်မြောက် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

အသက် ၂၅ နှစ်အရွယ် ရှီယွန်တက်ခ်သည် ဇူလိုင်လက ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်အိုးပင်းပြိုင်ပွဲတွင် တတိယအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့ပြီး ဖိလစ်ပိုင်တင်းနစ်မယ် အယ်လာကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသူ ဖြစ်သည်။ ၎င်းသည် နေရှင်နယ်ဘဏ်အိုးပင်း ကွာတားဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် ဒိုင်ယာနာရှနိုက်ဒါနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ရှနိုက်ဒါသည် ၁၆ ဦးအဆင့်တွင် အမေရိကန်နာမည်ကြီးတင်းနစ်မယ် ပဲဂူလာကို အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ် တက်လှမ်းလာသူ ဖြစ်သည်။ ထို့အပြင် ရှနိုက်ဒါသည် မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် မူဘာဒါလာဒီစီအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ရှုံးကြွေးကို ပြန်ဆပ်ကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

## ဘာစီလိုနာကစားသမားဟောင်း ဆာဂျီရော်ဘတ်တိုကို အယ်လေဂလက်ဆီက ခေါ်ယူ




စပိန်ကွင်းလယ် ကစားသမား ဆာဂျီရော်ဘတ်တိုသည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် မေဂျာလိဂ်ကလပ်အယ်လေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

အသက် ၃၄ နှစ်အရွယ် အဆိုပါ ကွင်းလယ်ကစားသမားသည် အီတလီကလပ် ကိုမိုအသင်းနှင့် ပြီးခဲ့သည့် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် အသင်းလက်မဲ့နေသူ ဖြစ်သည်။ ၎င်းသည် ဂလက်ဆီအသင်းနှင့် ၂၀၂၈ ခုနှစ်အထိရှိမည့် စာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားမည် ဖြစ်သည်။

ရော်ဘတ်တိုသည် ၎င်း၏ ကစားသမားဘဝကို ၂၀၁၀ ပြည့်နှစ်တွင် ဘာစီလိုနာအသင်း၌ စတင်ခဲ့သူဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အီတလီကလပ် ကိုမိုအသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။ ၎င်းသည် ဂလက်ဆီအသင်းတွင် ဂျာမနီကစားသမား မာကိုရူးစ်၊ ဘာစီလိုနာအသင်းဖော်ဟောင်း ရစ်ကီပုချ်တို့နှင့် ပြန်လည်ကစားသွားမည်ဖြစ်သည်။

## အက်စပန်ညိုကြ နူနက်ဇ်ကို အငှားခေါ်ယူ

စပိန်ကလပ် အက်စပန်ညိုအသင်းသည် ဆဲလ်တာဗီဂိုအသင်းမှ ဗဟိုခံစစ်ကစားသမား အူနိုင်းနူနက်ဇ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ အသက် ၂၉ နှစ်အရွယ် အဆိုပါ ကစားသမားသည် ဆဲလ်တာဗီဂိုသို့ ပြောင်းရွှေ့ပြီးနောက် ပုံမှန်ပွဲထွက်ခွင့်နေရာအတွက် ရုန်းကန်နေရသူဖြစ်ပြီး ပြီးခဲ့သည့်ရာသီကလည်း အငှားထွက်ကစားခဲ့ရကြောင်း သိရသည်။ အက်စပန်ညိုအသင်းသည် နူနက်ဇ်ကို ခေါ်ယူရန် ဗယ်လက်ကာနို၊ ဗလင်စီယာ၊ ဆီဗီလာ၊ အလာဗက်စ်၊ အိုဆာဆူနာတို့ အပါအဝင် ကလပ်အသင်းအများအပြားနှင့် အပြိုင်ကမ်းလှမ်းခဲ့ရသည်။

■ မိုးဇက် – စုစည်းရေးသားသည်

## စပိန်တင်းနစ်အကျော်အမော် ရာဖေးလ် ဂျိုတာ နေရှင်နယ်ဘဏ်အိုးပင်း ကွာတားဖိုင်နယ်တက်ရောက်



နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး အဆင့်တွင် စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်ဂျိုတာက ချက်ဇ်တင်းနစ်ကစားသမား လီဟက်ကာကို ၆-၃၊ ၆-၃ ရလဒ်ဖြင့် အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ဂျိုတာသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် မူဘာဒါလာဒီစီအိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော်လည်း တေလာဖရစ်ဇ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ထားသူ ဖြစ်သည်။

၎င်းသည် ကွာတားဖိုင်နယ်တွင် ပြင်သစ်နံပါတ်တစ်တင်းနစ်ကစားသမား အာသာဖေးလ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာသာဖေးလ်သည် ၁၆ ဦးအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ကာမီရွန်နော်ရီကို ၆-၂၊ ၇-၆ (၁၀-၈) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ် တက်လှမ်းလာသူ ဖြစ်သည်။

ဂျိုတာနှင့်အတူ နေရှင်နယ်ဘဏ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ မန်းဆစ်ခ်၊ ဒါဒါရီ၊ နာကာရှီမာတို့ တက်ရောက်ထားနိုင်ပြီဖြစ်သည်။

## ဆီဗီလာက တိုက်စစ်ကစားသမား ရော်ဘီယူးဝါးကို ခေါ်ယူရန် နီးစပ်နေ



ဆီဗီလာအသင်းသည် ဆွဒ်ဇင်ကလပ် အိုင်ကေဆီးရီးယုစ်အသင်းမှ စကော့တလန် ယူ-၂၁ တိုက်စစ်ကစားသမား ရော်ဘီယူးဝါးကို ပြောင်းရွှေ့ကြေးပေါင် ၇ ဒသမ ၉ သန်းဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် အဆိုပါကစားသမားသည် ဩဂုတ် ၁၀ ရက်တွင် ဆေးစစ်မှုခံယူသွားမည်ဖြစ်သည်။ ၎င်းသည် ဆေးစစ်မှုခံယူပြီးနောက် ဆီဗီလာအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ် ချုပ်ဆိုသွားဖွယ်ရှိသည်။ ၎င်းသည် ၂၀၂၆ ခုနှစ် အတွင်း ဆီးရီးယုစ်အသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး ဂိုး ၂၀ သွင်းယူကာ ဂိုးဖန်တီးမှုသုံးကြိမ် ပြုလုပ်ထားသည်။ ၎င်းသည် ကစားသမားဘဝကို ရိန်းဂျားအသင်းတွင် စတင်ခဲ့သူဖြစ်သည်။

## ဆောက်သမ်တန်ကစားသမား ရှေးချားလ်ကို ခေါ်ယူရန် ဖူလ်ဟမ်အသင်း သဘောတူညီမှုရရှိ




ပရီမီယာလိဂ်ကလပ် ဖူလ်ဟမ်အသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား ရှေးချားလ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် အဆိုပါ ကွင်းလယ်ကစားသမားသည် မကြာမီတွင် ဆေးစစ်မှုခံယူသွားမည်ဖြစ်သည်။ ဆေးစစ်မှုခံယူပြီးပါက ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားမည်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် မြောက်အိုင်ယာလန် ကစားသမားတစ်ဦးအတွက် ဈေးအကြီးဆုံး ကစားသမား ဖြစ်လာတော့မည်ဖြစ်သည်။

မန်စီးတီးအသင်းတွင် ကစားသမားဘဝစတင်ခဲ့သော ချားလ်သည် အယ်ဗာရို အာဘီလိုအာကို နည်းပြသစ်အဖြစ် ခန့်အပ်ပြီးနောက် ဖူလ်ဟမ်အသင်း ခေါ်ယူသည့် တတိယမြောက် ကစားသမားဖြစ်လာမည်လည်း ဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၄ ရက်တွင် ချယ်ဆီးအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် ပြီးခဲ့သည့်ရာသီ ပရီမီယာလိဂ် ၃၈ ပွဲတွင် ရမှတ် ၅၂ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အဆင့် (၁၁) ဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သည်။

## ဖခင်ကွယ်လွန်မှုကြောင့် မွန်တာရေးနှင့် လိဂ်ဖလားပွဲစဉ်ကို မက်ဆီလွဲချော်ခဲ့



မိုင်ယာမီကစားသမား လီယွန်နယ် မက်ဆီသည် ဖခင်ကွယ်လွန်မှုကြောင့် မွန်တာရေးကို ရှုံးနိမ့်ခဲ့သော လိဂ်ဖလားပွဲစဉ်ကို လွဲချော်ခဲ့ကြောင်း သိရသည်။

မက်ဆီ၏ ဖခင်ဂျော့ဂ်မက်ဆီသည် အဖျားဝေဒနာကို ကာလရှည်ခံစားရပြီးနောက် ဩဂုတ် ၈ ရက်က ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၆၈ နှစ်ရှိပြီ ဖြစ်သည်။ ၎င်းသည် အာဂျင်တီးနားနိုင်ငံ ဇာတိမြို့ ရိုဆာရီယိုရှိ ဆေးရုံတစ်ရုံတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

### နောက်ဆုံးရ အားကစားသတင်းတိုများ

- ဘာစီလိုနာက စပိန်ကွင်းလယ်ကစားသမား ရိုဒရီ (၃၀ နှစ်) ကို ခေါ်ယူရန် မန်စီးတီးနှင့်ဆွေးနွေးမှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။
- နော်တင်ဟမ်ဖောရက်စ်က စပို့တင်းမှ အိုင်ဗရီကို့စ်ဗဟိုခံစစ်ကစားသမား အူစမန်ဒီယိုမန်ဒီ (၂၂ နှစ်) ကို ပြောင်းရွှေ့ကြေး ပေါင် ၃၄ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။

### ယူအီးအက်ဖ်အေ စူပါဖလားဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်

ပီအက်စ်ဂျီနှင့် အက်စ်တွန်ဗီလာအသင်းတို့၏ ယူအီးအက်ဖ်အေ စူပါဖလား ဗိုလ်လုပွဲစဉ်ကို လာမည့် ဩဂုတ် ၁၃ ရက် နံနက် ၁ နာရီခွဲတွင် ဩစတြီးယားနိုင်ငံ ဆောလ်ဘတ်မြို့ရှိ ရက်ဘူးလ်အရီနာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားတော့မည် ဖြစ်သည်။

ပီအက်စ်ဂျီ အသင်းသည် ယမန်နှစ်က ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲတွင် အာဆင်နယ်ကို ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ယူပြီး နှစ်ကြိမ် ဖလားဆွတ်ခူးထားသည့်အသင်းဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းက ယမန်နှစ် ယူရိုပါလိဂ်ဖလားဗိုလ်လုပွဲတွင် ဖရိုင်းဘတ်အသင်းကို ဂိုးပြတ်အနိုင်ယူပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဖလားဆွတ်ခူးထားနိုင်သည့်အသင်းဖြစ်သည်။ ယခုပွဲစဉ်မတိုင်မီ ပီအက်စ်ဂျီက ခြေစမ်းပွဲနှစ်ပွဲကစားထားပြီး နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲသရေနှင့် တစ်ပွဲရှုံးနိမ့်ထားသည်။ အက်စ်တွန်ဗီလာက ခြေစမ်းပွဲ ငါးပွဲတွင် နှစ်ပွဲနိုင်ပြီး သုံးပွဲ ရှုံးနိမ့်ထားသည်။

# ပင်လယ်ရေမှော်မွေးမြူရေးအကြောင်း သိကောင်းစရာ

ရွှေပုစွန်လေး(ငါးလုပ်ငန်းဦးစီးဌာန)

**ပင်လယ်ရေမှော်သည် ရေတွင် သဘာဝအတိုင်းပေါက်ရောက်သည့် ရေညှိခေါ် Algae မျိုးနွယ်ဝင်ဖြစ်ပါသည်။ ရေမှော်သည် ရေချို ရေငန်စပ်နှင့် ပင်လယ်ရေငန်တို့တွင် ပေါက်ရောက်လေ့ရှိသည်။ ရေမှော်ပင်များကို နှစ်ပေါင်းများစွာကပင် လူတို့၏အစားအစာတစ်မျိုးအဖြစ် အသုံးပြုခဲ့သည်။**

တရုတ်လူမျိုးတို့က ၄ ရာစုကတည်းက ရေမှော်များစားသုံးခဲ့ပြီး ဂျပန်လူမျိုးတို့သည် ၆ ရာစုနှစ်တွင် စားသုံးကြောင်းနှင့် နောင်တွင် ကိုရီးယားလူမျိုးတို့ နှစ်ခြိုက်စွာစားသုံးကြောင်း သိရှိရပါသည်။ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာတွင်ရေမှော်သည် လူတို့၏ အစားအစာသာမက ရေမှော်အား စက်မှုလုပ်ငန်းသုံးပစ္စည်း၊ ဓာတုဗေဒပစ္စည်းနှင့် ဆေးဝါးသုံးပစ္စည်းများ ထုတ်လုပ်သုံးစွဲနေရပြီဖြစ်ရာ ကမ္ဘာ့ရေမှော်ဝယ်လိုအားမှာ ထုတ်လုပ်မှုထက် များစွာမြင့်မားလျက်ရှိကြောင်း သိရသည်။



ကမ္ဘာပေါ်၌ ပင်လယ်ရေမှော်မွေးမြူရေး (Seaweed Culture) သည် လက်ရှိတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာနေသော အပြာရောင်စီးပွားရေး (Blue Economy) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပင်လယ်ရေမှော်ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းသည် အာရှနိုင်ငံများမှ ထွက်ရှိခြင်းဖြစ်ပြီး ဦးဆောင်နိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။ ယင်းတို့အနက် အင်ဒိုနီးရှားနိုင်ငံသည် ပင်လယ်ရေမှော်မွေးမြူထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်ခုဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း ပင်လယ်ရေမှော်မွေးမြူရေးကို ၁၉၈၅ ခုနှစ်ကတည်းက ရခိုင်ပြည်နယ် သံတွဲခရိုင် မောင်ရွှေလေးကျေးရွာ၌ စတင်စမ်းသပ်မွေးမြူခဲ့ကြသည်။ ထိုအချိန်က ပင်လယ်ရေမှော်မှထွက်သည့် တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် ကျောက်ကျောအားဈေးကွက်ဖော်ဆောင်မှု အားနည်းခဲ့သဖြင့် ပင်လယ်ရေမှော်မွေးမြူခြင်းမှာ စမ်းသပ်အဆင့်သာရှိခဲ့ပါသည်။

ပင်လယ်ရေမှော်သည် လူတို့အတွက် အာဟာရဓာတ်ဖြစ်သော ဗီတာမင်နှင့် သတ္တုဓာတ်ကြွယ်ဝသော အစားအစာတစ်ခုဖြစ်သည်။ ထို့အပြင် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူပေးသဖြင့် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချပေးသည်။ ရေထဲတွင် ပိုလျှံနေသော နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်များကို စုပ်ယူပေးပြီး ရေထုကို သန့်စင် ပေးသည်။ ထို့ပြင် အခြားမျိုးစိတ်များကဲ့သို့ စိုက်ပျိုးရန် မြေနေရာ၊ မြေဩဇာသီးသန့်ဝယ်ယူရန်မလိုဘဲ သဘာဝပင်လယ်ကြီးကို အသုံးချ၍ မွေးမြူရနိုင်သည့် မျိုးစိတ်တစ်ခုဖြစ်ပါသည်။ ဒေသခံကမ်းရိုးတန်း နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေပါသည်။ မိသားစုဝင်အားလုံးလုပ်နိုင်သည့် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ပြီး စားသောက်ကုန်၊ အလှကုန်၊ ဇီဝလောင်စာထုတ်လုပ်သည့် စက်ရုံများအတွက် ကုန်ကြမ်းရရှိစေပါသည်။

အဓိကအားဖြင့် ပင်လယ်ရေမှော်မှထုတ်လုပ်သည့် ပစ္စည်းသုံးမျိုးသည် ကမ္ဘာပေါ်တွင် အသုံးအများဆုံးပစ္စည်းများဖြစ်နေပြီး ယင်းတို့မှာ-

**(က) Agar agar**

ယင်းကို ကော်မှုန့်အဖြစ်လည်းကောင်း၊ gel အဖြစ်လည်းကောင်း၊ cosmetic ခေါ် အလှကုန်များတွင်လည်းကောင်း အသုံးပြုလေ့ရှိပါသည်။ အဆင့်မြင့်သိပ္ပံဓာတ်ခွဲခန်းများတွင် ဗက်တီးရီးယား (Bacteria) များ၊ ဗိုင်းရပ်စ် (Virus) များ၊ အမျိုးအစားခွဲသုတေသနပြုမွေးမြူရာတွင် မီဒီယာအဖြစ် အလွန်ကျယ်ပြန့်စွာ အသုံးပြုလေ့ရှိကြပါသည်။ အကောင်းဆုံး Agar ထုတ်လုပ်နိုင်သည့် ပင်လယ်ရေမှော်မျိုးမှာ Gracilaria နှင့် Gelidium မျိုးတို့ဖြစ်ပါသည်။

**(ခ) Algin ခေါ် Sodium alginate**

Algin ကို ဓာတုဗေဒပစ္စည်းအဖြစ်သော်လည်းကောင်း၊ ဆေးဝါးပစ္စည်းများအဖြစ်သော်လည်းကောင်း၊ စားသောက်ကုန်များတွင်လည်းကောင်း အသုံးပြုသည်။ ရေခဲမုန့် (Ice Cream) များ အေးခဲမာကျောမှုမဖြစ်စေရန် Algin ကို မရှိမဖြစ် ထည့်သွင်းသုံးစွဲရသည်။ အကောင်းဆုံး အမျိုးအစား Algin များကို ပင်လယ်ရေမှော်ဖြစ်သည့် Ascophyllum, Sargassum, Laminaria စသည်တို့မှ ထုတ်ယူရရှိနိုင်သည်။

> **❐ စားသုံးရနိုင်သည့် ရေမှော်များ (သို့) Edible seaweed များကို လူများစားသုံးကြရာတွင် ဟင်းချို (သို့) Soup အဖြစ်လည်းကောင်း၊ အသုပ် (သို့) salad အဖြစ်လည်းကောင်း ပြုလုပ်စားသုံးကြပါသည်**
>
> **❐ ပင်လယ်ရေမှော်များမှာ Caulerpa, Uderia, Laminaria, Enteromorpha, Gracillaria, Porphyra စသည်များ ပါဝင်ကြသည်။ ပင်လယ်ရေမှော်များကို လူတို့စားသုံးသည့်အပြင် တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ သဘာဝမြေဩဇာအဖြစ်လည်းကောင်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိ**

**(ဂ) Carrageenan**

Carrageenan ကို စက်မှုသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စားသောက်ကုန်များနှင့် စားသောက်ကုန် အရည်အသွေး ရေရှည်ထိန်းထားနိုင်သော်လည်း ဘေးဥပဒ်နှင့် ဘေးထွက်ပစ္စည်းကင်းစင်သည့် စားသောက်ကုန် အရောင်တောက်ပစေရန် သုံးသည့်ပစ္စည်းများအနေဖြင့် အလွန်တွင်ကျယ်စွာ အသုံးပြုနေရသည့် ပင်လယ်ရေမှော်ထွက်ပစ္စည်းဖြစ်သည်။

Carrageenan ကို ပင်လယ်ရေမှော်များမှ ထုတ်လုပ်နိုင်သော်လည်း ယနေ့ကမ္ဘာပေါ်တွင် အကောင်းဆုံး Carrageenan ထုတ်လုပ်သည့် ပင်လယ်ရေမှော်မျိုးမှာ Eucheuma ဖြစ်သည်။ Eucheuma မျိုးတွင် Eucheuma cottonii, Eucheuma spinosum, Eucheuma cottonii farming များမှ Carrageenan သည် အကောင်းဆုံးဖြစ်သဖြင့် နိုင်ငံတကာတွင် အသုံးများကြပြီး အထူးသဖြင့် အာရှတွင် Eucheuma cottonii ကိုသာ မွေးမြူ ထုတ်လုပ်လျက်ရှိပါသည်။

စားသုံးရနိုင်သည့် ရေမှော်များ (သို့) Edible seaweed များကို လူများစားသုံးကြရာတွင် ဟင်းချို(သို့) Soup အဖြစ်လည်းကောင်း၊ အသုပ် (သို့) salad အဖြစ်လည်းကောင်း ပြုလုပ်စားသုံးကြပါသည်။

ပင်လယ်ရေမှော်များမှာ Caulerpa, Uderia, Laminaria, Enteromorpha, Gracillaria, Porphyra စသည်များ ပါဝင်ကြသည်။ ပင်လယ်ရေမှော်များကို လူတို့စားသုံးသည့်အပြင် တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ သဘာဝမြေဩဇာအဖြစ်လည်းကောင်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။





## ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး အတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အင်းစိန်မြို့မ ရဲစခန်းမှူးနှင့် တာဝန်ရှိသူများ၊ အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးနှင့် ဌာနဆိုင်ရာများ၊ ဒဂုံမြို့သစ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်နှင့် တာဝန်ရှိသူများ၊ မြောက်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်နှင့် တပ်ဖွဲ့ဝင်များနှင့် လသာမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်တို့သည် Home visit အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေးခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ လှည့်ကင်းပတ်ကင်း ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ခြင်းနှင့် အများပြည်သူ လူကူးမျဉ်းကြားမှဖြတ်ကူးနိုင်ရန် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**အောင်သူ၊ ဓာတ်ပုံ-တိုင်းရဲတပ်ဖွဲ့**

❍ *ကျောဖုံးမှ*

ကျော်ဖြတ်နိုင်ခဲ့သော်လည်း ၁၆ ဦးအဆင့်တွင် အဲလက်ဇန်ဒရိုဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

၎င်းသည် ဝင်ဘယ်ဒန်ပြိုင်ပွဲပြီးနောက် ပထမဆုံးပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲတွင် ၁၆ ဦးအဆင့်မှ နှုတ်ဆက်ထွက်ခွာခဲ့ရခြင်းလည်းဖြစ်သည်။ ဆာဘယ်လင်ကာနှင့်အတူ အခြားထိပ်တန်းတင်းနစ်မယ်များဖြစ်သည့် အနီ ဆီမိုဗာ၊ ပဲဂူလာတို့လည်း ၁၆ ဦးအဆင့်မှ ထွက်ခွာခဲ့ရပြီဖြစ်သည်။

အဲလက်ဇန်ဒရိုဗာသည် ကွာတားဖိုင်နယ်တွင် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ စဗစ်တိုလီနာသည် ၁၆ ဦးအဆင့်တွင်အနီဆီမိုဗာကို၆-၂၊၆-၄ ရလဒ်ဖြင့် အနိုင်ယူကျော်ဖြတ်ထားသူဖြစ် သည်။

**အောင်ဇော်**

## မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ညောင်ဦးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြု

နေပြည်တော် ဩဂုတ် ၉

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ညောင်ဦးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၈-၂၀၂၆ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသောနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၀ ခေတ်မီအဆင့်မြင့် အသားတိုးနွားမွေးမြူရေး သမဝါယမကဏ္ဍမှ မြှင့်တင်ပေး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ကမ္ဘာ့ရေးကွက်တွင် ပိုမိုအရေးပါလာသည့် လယ်ယာကုန်စည်ပဲပုပ်
- ၁၁:၁၅ နိုင်ငံ့စီးပွားမြင့်မားဖို့ ဝါးသယံဇာတထိန်းသိမ်းစို့
- ၁၁:၂၅ ဘဝနှင့်အနုပညာ "တေးသံရှင်တို့နှိုင်းသစ်လွင်" (အပိုင်း-၁)
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ပုဂံမှာမိုးတွေရွာတုန်းက' (ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ 'ပျောက်ဆုံးသွားသောနေ့ရက်များ' (ဇာတ်သိမ်းပိုင်း)
- ၁၄:၂၀ မျိုးဗုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၅:၁၀ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၅:၃၀ The Sports Editor's Top Picks Of This Week
- ၁၆:၄၀ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "နှတ်ချိုသျှိုတစ်ပါး" (အပိုင်း-၃၈)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:07 Taungoo City Travelogue
- 07:34 Image Of The Monks
- 07:53 Traditional Myanmar Theatrical Performance (Ahla Pan Wai Lae Taw Myay)
- 08:01 News
- 08:26 Asia Updates; Folk House Inn; Four Seasons B
- 09:01 Let's Explore Organic Farming
- 09:47 Dances of Myanmar: Rvwang Traditional Dance
- 09:52 Thin Byu Mat
- 10:01 News
- 10:26 Topical Topics; Let's Read For Success
- 10:32 Myanmar's Bamboo Hat

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၅၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'အလင်းပေးမယ့်မယောင်းတိုင်' (အပိုင်း-၅)
- ၀၈:၀၀ "ချစ်သူဆွဲအား" တေးဂီတဖျော်ဖြေပွဲ
- ၀၉:၄၀ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၀:၁၀ မြန်မာရုပ်ရှင်(ဖြူမည်း) 'ကိုကိုညီမ' ကျော်ဟိန်း၊ တင်တင်ညို၊ တင်နီလာဝင်း (ဒါရိုက်တာ-ပန်းချီစိုးမိုး)

### MRTV NRC

- ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၃)
- ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀) ခရမ်းကစော့သီးနှင့်ကျန်းမာရေး
- မွန် (၀၉:၀၀ မှ ၁၁:၀၀) ဝါးထဲကပိုး
- ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ကြည်ညိုဖွယ်မြောက်ဦးသောင်းပုထိုးတော်
- ရှမ်း(၁၃:၀၀ မှ ၁၅:၀၀) သဘာဝကျောက်စက်ပန်းဆွဲများရှိရာ ဝက်ဘာလိုဏ်ဂူ
- ဝ (၁၅:၀၀ မှ ၁၇:၀၀) ကျိုင်းတုံ 'ဝ' ရိုးရာဝတ်စုံချုပ်နည်း
- ကချင် (၁၇:၀၀ မှ ၁၉:၀၀) ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ
- ကယား (၁၉:၀၀ မှ ၂၁:၀၀) သဘာဝဆန်ဆန်အလှဂိုရာဂူပရာတောင်ထွဋ်တောင်တန်းဆီသို့
- ဝကြကကရင် (၂၁:၀၀ မှ ၂၂:၀၀) ကြက်သားအာလူးအစပ်ချက်
- အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ပန်းတစ်ပွင့်ရဲ့အနာဂတ်ခရီးလမ်း
- အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) တွေမြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားစုံလင်အာရှဗီဒီယိုအစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၁၅ အလင်းကိုဆောင်ကာကျန်းမာစေဖို့
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ "ဥဂါက်ရည်တအတွမ်းအုံမခန်း" (အပိုင်း-၂)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပမှု (Repeat)
- ၂၀:၀၀ ပြည်တွင်းသတင်း(၁၀-၈-၂၀၂၆)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ နိုင်ငံ့စီးပွားတိုးတက်ရေး MSME လုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်ပေး
- ၀၇:၀၀ "စိုက်ပျိုးမွေးမြူသုတဘက်" မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာကဏ္ဍ
- ၀၈:၀၀ ကျေးလက်ကွန်ရက်
- ၀၉:၁၀ ဘိုရွှန်ဓာတ်မြေဩဇာထည့်သွင်း မြေပဲသီးနှံ အထွက်တိုးခြင်း
- ၁၀:၃၀ မဟာဗုဒ္ဓဝင်ဗွားတော်မူခန်း(ဇာတ်တော်)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၅ The Sports Editor's Top Picks Of This Week
- ၀၈:၀၀ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ပိုက်ကျော်ခြင်း)(ကွင်းသွင်းခြင်းဒတ်ပြိုင်ပွဲ) (အမျိုးသား)(ငွေတံဆိပ်ဆုရ) (Replay)
- ၁၉:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။




## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။






## ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ငြမ်းဆင်/ငြမ်းဖျက် လုပ်ငန်းအိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ မဟာအံ့ထူးကံသာဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငြမ်းဆင်/ငြမ်းဖျက် လုပ်ငန်းဆောင်ရွက်ရန် အိတ်ပိတ်တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့် ပြုမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၅-၈-၂၀၂၆) ရက်မှ (၂၉-၈-၂၀၂၆)ရက်ထိ နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၂၅၉၄၀၉၃၄၉၊ ၀၉-၆၉၃၈၃၁၁၆၆၊ ၀၉-၂၀၄၅၃၉၇၊ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
မဟာအံ့ထူးကံသာဘုရား
ပြင်ဦးလွင်မြို့

## ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လျှောက်လွှာခေါ်ယူခြင်း ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ( ၄ ) ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာန၊ ရုံးချုပ်(နေပြည်တော်)နှင့် တိုင်းရုံးအသီးသီးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း ကျပ် (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)တန်းဝင် အငယ်တန်းစာရေးရာထူး (၁၇)နေရာ ခန့်ထားနိုင်ရန်အတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားလိုသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (အမျိုးသား/အမျိုးသမီး) ဖြစ်ရမည်။

( ခ ) လျှောက်လွှာပိတ်သည့် (၁၈-၈-၂၀၂၆)ရက်နေ့၌ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၂၇)နှစ် ပြည့်ပြီး၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိရမည်။

(ဃ) အင်္ဂလိပ်စာ၊ ကွန်ပျူတာ အခြေခံ တတ်ကျွမ်းသူဖြစ်ရမည်။

( င ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

( စ ) မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာန၊ တိုင်းအသီးသီးတွင် နေရာဒေသမရွေး တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) ခံရသူများ၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

( ဇ ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်။

၃။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာ ဖော်ပြပေးရန်နှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော (၁"x၁.၂၅")အရွယ် ကာလာဓါတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

( ခ ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ

( ဂ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်များ အောင်မြင်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထားများ

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ် (၂)ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းပါရှိရမည်။

( င ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြစ်မှု/ပြစ်ဒဏ် ကင်းရှင်းကြောင်း၊ ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာမူရင်း

( စ ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နှုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမူရင်း

၄။ စာရွက်စာတမ်းမပြည့်စုံသောလျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၂၀-၈-၂၀၂၆)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာ့မီးရထား၊ ရုံးချုပ်(နေပြည်တော်)၊ ဘဏ္ဍာရေးဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်အထောက်အထား(မူရင်း)များနှင့်အတူ လာရောက်ဆက်သွယ်ကြရန်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်) တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

(က) ၂၁-၈-၂၀၂၆ နေ့ နံနက် ၁၀:၀၀နာရီမှ ၁၂:၀၀နာရီထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ စာမေးပွဲ၊ အထွေထွေဗဟုသုတမေးခွန်းလွှာ)အား ဖြေဆိုခြင်း၊

( ခ ) ၂၁-၈-၂၀၂၆ နေ့ နေ့လည်ပိုင်းတွင် လူတွေ့နှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်း။

၇။ ရေးဖြေ၊ လူတွေ့စစ်ဆေးမှုများပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက်ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် ဆေးစစ်ဆေးမှု ပြုလုပ်ပြီး ဆေးစစ်အောင်မြင်သူများကိုသာ ခန့်ထားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား၊ ရုံးချုပ်(နေပြည်တော်)၊ ၀၆၇-၇၇၀၃၈၊ ၀၆၇-၇၇၁၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီး (အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်နေ့ရက်နှင့်အချိန် | - (၂၇-၇-၂၀၂၆)ရက်၊ နံနက်(၉:၀၀)နာရီ |
| | တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန် | - (၂၆-၈-၂၀၂၆) ရက်၊ ညနေ (၄:၀၀)နာရီ |
| | တင်ဒါလျှောက်လွှာ ရောင်းချ/လက်ခံမည့်နေရာ | - ဆေးရုံအုပ်ကြီးရုံး |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးနှင့်ဆေးပစ္စည်းအချက်အလက်များကို သိရှိလိုပါက ထားဝယ်ပြည်သူ့ဆေးရုံကြီး (ဖုန်း-၀၅၉-၂၀၂၂၁၆၉၊ ၀၉- ၄၅၄၄၀၀၅၃၃ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/47198, Honda -125 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးဦး ၉/မထလ(နိုင်)၃၃၉၇၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ/၄၃)၊ အောင်ဇေယျ(၇)လမ်း၊ မြေကွက်အမှတ်(၁၆၀၄/က)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ) ရှိ ဦးစိုးဝင်း အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ရေ၊ မီးမီတာပါ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးစိုးဝင်း (TRY-၀၁၁၁၈၆) (၁၂/လမန (နိုင်) ၀၄၄၂၄၂)မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖွန့်မေဒေး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၁၀)
အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၀၂၄၄၃၁၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၆၆ရ)၊မြေအလျား×အနံ (၄၀×၆၀)ပေအကျယ်ရှိ **ဦးစောလွင် (ALN-၀၀၈၀၅၆)** အမည်ပေါက်မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသောမြေအလျား×အနံ(၂၀×၆၀)ပေ(မြေကွက် အမှတ်-၆၆၆ နှင့် ကပ်လျက်အခြမ်း)(ပါမစ်မူရင်းခြမ်း)မြေကွက်အား အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားသူ **ဒေါ်မြင့်မြင့်အေး (၈/ခမန(နိုင်)၂၀၆၂၂၁)** မှ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေ **ဒေါ်မော်မော်အေး (၁၃/တကန(နိုင်)၀ရ၁၃၉ရ)** က အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (ရ)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ယင်းနေ့ကျော်လွန်က အရောင်း အဝယ်ကိုဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇင်မင်းထိုက် LL.B, D.B.L. — ဒေါ်နှင်းဝတ်ရည် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၄၈) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၆၀)
အမှတ်(၃ရ၄/က)၊ပိပိုးနင်း(၁)လမ်း၊ (၄၈)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၂၅၃၃၅၉၅၂၉၊ ၀၉၄၂၁၃ရ၁ရ၄၃၅

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလင်ကွန်းရီ (ခ) ဦးမြသိန်း (၁၂/ကတတ (နိုင်) ၀၂၄၁၂၈)နှင့် ဒေါ်ချိုမွှာမိ (ခ) ဒေါ်မေမြင့် (၁၂/ဒလန (နိုင်) ၀၃၀၆၄၆)တို့၏ သမီးဖြစ်သူ ဒေါ်ဟန်သူလင်း (၁၂/သဃက (နိုင်) ၁၈၅၈၂၈)ကိုင်ဆောင်သူသည် မိဘများ၏ သွန်သင်ဆုံးမမှုကို နာခံမှုမရှိခြင်း မိဘများ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များနှင့် စိတ်ဆင်းရဲစေသော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်သည့် အပြင်၎င်း၏သဘောဆန္ဒဖြင့် မိဘများ၏နေအိမ်မှ ထွက်ခွာသွားပြီး ဆက်သွယ်မှုတစ်စုံတစ်ရာမျှ ပြုလုပ်ခြင်းမရှိသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို မိဘများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဦးလင်ကွန်းရီ (ခ) ဦးမြသိန်း နှင့် ဒေါ်ချိုမွှာမိ (ခ) ဒေါ်မေမြင့် လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
၀၉ ၅၅၀ ၆၁၄၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ (၆၃) လမ်း၊ (၁၀၆)x(၁၀၇) လမ်းကြားနေ ဒေါ်ထက်ရည်မွန်အေး (၁၃/လရန(နိုင်) ၁၈၆၄၃၆) ၏ မိဘအမည်မှာ ဦးကျားလျှံ(ခ)ဦးကျားလျှံ နှင့် ဒေါ်ဟွီးကျူ (ခ) ဒေါ်အီးကြူမှာ လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျားလျှံ(ခ)ဦးကျားလျှံ၊
ဒေါ်ဟွီးကျူ (ခ) ဒေါ်အီးကြူ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9462 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့နယ်၊ အထက အောင်ဇေယျာ Grade-9 တွင် ပညာသင်ကြားနေသော မောင်မင်းခန့်ဗိုလ်၏ ဖခင်အမည်မှန်မှာ ဦးဆန်းကျော် ၇/နတလ(နိုင်) ၁၃၃၄၆၁ ဖြစ်ပါကြောင်း။

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၆-၂၀၂၆ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀) တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်မြတ်ဆုဝေ၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ကွင်းအမှတ်(၅၂၈၁)အစား ၅၂၈/ခ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးကျော်ဇင်လင်း (ဘ) ဦးငွေအောင်ကျော် ၉/ပမန(နိုင်)၁၆၈၆၂၀ ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဝန်ထမ်းကတ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဇင်လင်း

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၈-၂၀၂၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)ပါ ကန့်ကွက်နိုင်ပါကြောင်း ပုဗ္ဗသီရိမြို့နယ် ကြော်ငြာတွင် အမည် ပေါက် ဦးလန်ကျင့်မန် အစား အမည်ပေါက် ဦးလျန်ကျင့်မန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/7237, Suzuki Carry DA 63T PickUp(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးသွင် ၈/ပခက(နိုင်)၀၇၅၅၂၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ရွာ၊ (၉)ရပ်ကွက်၊ ''မန်ကျည်းရိပ် '' လက်ဖက်ရည်ဆိုင်နေ ဦးအောင်ဆန်းထူး ၁၀/ခဆန (နိုင်)၀၂၇၃၆၆ နှင့် ဒေါ်ယုယုလတ် ၆/လလန(နိုင်)၀၁၅၀၉၈ တို့၏ သားဖြစ်သူ မောင်ဇေဇေအောင်(ခ)ငယ်ငယ် ၆/လလန(နိုင်)၁၄၈၂၃၈သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘတို့၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူကြောင်း သိစေအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်ဆန်းထူး- ဒေါ်ယုယုလတ်

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန်၊ ပျဉ်းမအိုင်ကျေးရွာအုပ်စု၊ ပျဉ်းမအိုင်ကျေးရွာတွင် တည်ရှိသည့် ကွင်းအမှတ်နှင့်အမည်-၃၄၈-မဟာဘိုကွင်း၊ ဦးပိုင်အမှတ်-၉၄/၁၊ မြေမျိုးနှင့်အတန်း-စက်ရုံမြေ၊ ဧရိယာ(၀.၇၉)ဧကကျယ်ဝန်းသောမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဆန်စက်အဆောက်အဦအပါအဝင် မြေတွင်းမြေပေါ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အမှတ်-၀၃၀/၂၀၂၆ ဖြင့် ချုပ်ဆိုပြီးသည့်အတွက် ဦးခင်မောင်ဝင်းမှ မိမိ၏အမည်ဖြင့် စက်ရုံမြေအမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅-၈-၂၀၂၆) ရက်နေ့အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက စက်ရုံမြေအမည်ပြောင်းခြင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မောင်ဝင်း (ဘ) ဦးထွန်းကြည် ၁၂/သဃက(နိုင်)၀၀၆၉၄၉
အမှတ်(၁၃၂)၊ ၇၉ လမ်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅ )**

**ပြင်ဦးလွင်မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၈**

ဒေါ်သန်းသန်းမော် **နှင့်** ၁။ ဦးထွန်း
၂။ ဒေါ်စန်းမြင့်

(တရားလို) (တရားပြိုင်များ)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ငွေတော်ဝင်(၉)လမ်းနေ (၁)တရားပြိုင် ဦးထွန်းနှင့် (၂)တရားပြိုင် ဒေါ်စန်းမြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သန်းသန်းမော် က ဂရန်နှင့်ဆက်စပ်စာချုပ်များအား ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်(၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အိအိချို)**

**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## အမည်ပြောင်း

ဦးအောင်မြတ်ဦး ၇/တငန(နိုင်)၁၄၅၅၁၄ ၏ သမီးများဖြစ်ကြသည့် တောင်ငူမြို့၊ PCEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မရှင်းသန့်မြတ်ဦးအားမဝင့်မှူးသွယ် ဟုလည်းကောင်း၊ Grade-4 မှ မကေရီမြတ်ဦးအား မကေရီမှူး ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မဝင့်မှူးသွယ်၊ မကေရီမှူး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့နယ်၊ အမှတ်(၂) ဇာသပြင် အခြေခံပညာအလယ်တန်းကျောင်းမှ (လ/ထ)မှူးပြ ဒေါ်အိရွှေစင်(ခ)မိအိရွှေဇင် ၃/ဘအန(နိုင်)၂၇၇၅၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့နယ်၊ အမှတ်(၂) ဇာသပြင်အခြေခံပညာအလယ်တန်းကျောင်းမှ (လ/ထ)မှူးပြ ဒေါ်သက်ထက်ငြိမ်း(ခ) ဒေါ်သက်ထက်ညိမ်း ၃/ဘအန(နိုင်) ၃၁၄၀၉၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

လှိုင်းဘွဲ့မြို့နယ်၊ ကော့မရိုင်းကျေးရွာအုပ်စု၊ ကျိုက်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးပန်းစိုး၏သား စောကျော်ဆန်းလင်းအား စောကျော်စန်းလင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**စောကျော်စန်းလင်း**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ)ဦးဇော်မြင့်၏သမီး ခေတ္တဒူဘိုင်းနိုင်ငံနေ ဒေါ်ပွင့်ဖူးဝေ (၁၄/ဖပန(နိုင်)၃၀၁၇၈၀) သည် လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာရှိစွာရပ်တည်နေသူ တစ်ဦးဖြစ်ပါသည်။ Kyaw Moe Thu Facebook Account မှ ဒေါ်ပွင့်ဖူးဝေအား ခြိမ်းခြောက်စာများပေးပို့လျက်ရှိပါသည်။ ထိုသို့ခြိမ်းခြောက်ရုံမျှမက ဒေါ်ပွင့်ဖူးဝေ ၏ ပုံကိုယူသုံးကာ Mee Nage (User Name -@pwintphoowai253)အမည်ဖြင့် Tiktok Account ထပ်မံဖွင့်လှစ်ပြီး မိုက်ရိုင်းကြမ်းတမ်းသော ပို့စ်များအား အဆက်မပြတ်တင်နေခြင်းများ ၊ + 669-9493-5002 စသော ဖုန်းနံပါတ်ဖြင့် Telegram မှတစ်ဆင့် ဒေါ်ပွင့်ဖူးဝေ၏ မိတ်ဆွေများအား မဟုတ်မမှန်သတင်းများပြောဆိုနေခြင်းများအားလုံး ရပ်တန်းမှ ရပ်တန့်စေလိုပါသည်။ ရပ်တန်းမရပ်တန့်ပါက ဂုဏ်သိက္ခာကျဆင်းစေရန်၊ ထိခိုက်စေရန် Social Media ပေါ်တွင်ဖြစ်စေ/လူမှုပတ်ဝန်းကျင်တွင်ဖြစ်စေ/ခြိမ်းခြောက်ပြောဆိုနေခြင်းများ/ထိခိုက်စေရန် တမင်ရည်ရွယ်၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြောဆိုခြင်းများအား ထပ်မံတွေ့ရှိရပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ပွင့်ဖူးဝေ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝါဝါဝင်းသူ** | **ဒေါ်ယဉ်သူဇာ** |
| **LL.B. D.I.L,W.I.P.O.(Switzerland)** | **LL.B, D.B.L** |
| **(စဉ်-၅၅၀၁၉)** | **(စဉ်-၅၆၄၁၆)** |

**အထက်တန်းရှေ့နေများ**
**အမှတ်-(၅)ဘီ၊ သမာဓိ(၂)လမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၀၁၄၈၃၄**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၅)၊ ဖောင်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၄၇)၊ ဆင်ခေါင်းကြီးအရှေ့ကွင်း၊ ဦးပိုင်အမှတ် (N-၄/က-၁+၂+၃)၊မြေကွက်အမှတ် (A-9,B-6)၊ မြေရေိယာစုစုပေါင်း (၄၆x၁၁၀) ပေအကျယ်ရှိ အရှေ့လားသော်-ပြင်ဦးလွင်-ကျောက်ဆည်လမ်းမ၊ အနောက်လားသော်-ဂရန်အိမ်ရာမြေကွက်၊ တောင်လားသော်- အကွက်အမှတ်(A-8, A-5)၊ မြောက်လားသော်-ဦးပိုင်အမှတ် (N-၄)စသည့် အလားလေးရပ်အတွင်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁) ဦးသက်ထူးအောင် (၁၂/ဒဂတ(နိုင်)၀၅၉၄၇၅) (၂)ဒေါက်တာသျှားသက်ဝေ (၁၃/ဟပန(နိုင်)၀၅၀၇၀၈)များမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့် လွှဲပြောင်းပိုင်ခွင့်၊ စီမံပိုင်ခွင့် အာဏာရှိကြောင်း ဝန်ခံပြောဆိုသဖြင့် အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁) ဦးမိုးသန့်ကျော် (၉/မရမ(နိုင်)၀၉၁၆၆၇) (၂)ဒေါ်နှင်းနုဆွေ (၅/ဆလက(နိုင်)၀၂၃၇၆၃)ကိုင်ဆောင်သူများမှ ဝယ်ယူရန်သဘောတူညီပြီး အဆိုပါမြေကွက်၏ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး၊ ယခုကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကိုကိုကျော် (LL.B)** | **ဒေါ်ဖြူနှင်းသန့် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၂၀၁၀** | **စဉ်-၁၄၆၉၄** |
| **ရပ်ကွက်ကြီး (၁၇)၊ ပြင်ဦးလွင်မြို့၊** | **ရပ်ကွက်ကြီး (၁၇)၊ ပြင်ဦးလွင်မြို့၊** |
| **ဖုန်း-၀၉-၆၆၁၆၆၁၅၇၇** | **ဖုန်း-၀၉-၇၉၆၄၆၅၀၁၂** |

## အများသိစေရန် သတိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးမောင် (၈/ငဖန(နိုင်)၀၄၆၉၅၄) (ဘ) ဦးကျော်ရီ နှင့် ဒေါ်မေကောင်းကင်ယံ(ခ) နှင်းစုစုထွန်း (၇/ဒဥန(နိုင်)၂၄၄၃၂၀) (ဘ)ဦးခင်မောင်လှတို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိသောကြောင့် (၁၅-၉-၂၀၂၅) ရက်တွင် မိဘများရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲ ပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းလက်မှတ်ရေးထိုးပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိပါတော့ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာဆွေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၃၃၃)**
**အမှတ်(၃၄၈)၊ (၇)လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့၊**
**ဖုန်း - ၀၉-၇၈၆၂၂၇၂၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ညောင်တုန်းလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ အမှတ်(၃၇)၊ (၈)ထပ်တိုက်အဆောက်အအုံရှိ မြေညီထပ်၊ အခန်းအမှတ် (B)၊ (လမ်းမဘက်မှ မျက်နှာမူလျှင် - ယာဘက်ခြမ်း)၊ (အလျား၁၇ပေx အနံပေ၆၀) အကျယ်အဝန်းရှိ တိုက်ခန်း(၁) ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ ကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဒေါ်မြင့်မြင့်သန်း (၁၂/စခန(နိုင်)၀၄၄၇၂၆)၊ (၂) ဦးအောင်မိုး (၁၂/စခန(နိုင်)၀၅၅၉၈၁)၊ (၃) ဦးစိုးပိုင် (၁၂/စခန(နိုင်)၀၂၅၃၁၇)နှင့် (၄) ဒေါ်ဇင်မာလွင် (၁၀/မလမ(နိုင်) ၁၄၇၉၂၃)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကအထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သူရ (မြောင်းမြ) LL. B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**အမှတ်-၁၄၇၊ ဒုတိယထပ်၊ လမ်း-၅၀ (အထက်)၊ ၁၀-ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၁ ၈၄၀၄၂ ၊ ၀၉-၇၉ ၅၁၈၄၀၄၂**

## လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူဝင်း ၇/ဖမန(နိုင်) ၂၁၂၀၈၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူဝင်း၊ ၇/ဖမန(နိုင်) ၂၁၂၀၈၉ နှင့် ဦးကျော်သူရ ၈/နမန(နိုင်)၀၀၁၀၂၄ တို့သည် (၂၃-၃-၂၀၂၅)ရက်မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ ယခုအခါ ဒေါ်ဖြူဖြူဝင်းနှင့် ဦးကျော်သူရတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိဘဲ ဆက်လက်ပေါင်းသင်းနေထိုင်ရန်ဆန္ဒမရှိတော့ပါသဖြင့် (၆-၈-၂၀၂၆)ရက်စွဲပါ နှစ်ဦးသဘောတူ လင်မယားကွာရှင်း ပြတ်စဲခြင်းကတိစာချုပ်ကို ချုပ်ဆိုကြလျက် လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဒေါ်ဖြူဖြူဝင်းနှင့် ဦးကျော်သူရတို့သည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဖြစ်သည့် (၆-၈-၂၀၂၆)ရက်မှစတင်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့သည့်အပြင် တစ်ဦး၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို တစ်ဦးက ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ပတ်သက်ခြင်းစသည် လုံးဝ(လုံးဝ)မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

**ဒေါ်ဟန်နီချစ်စု (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၁၂၈)**
**အမှတ်(၉/၃၉) ကေးလမ်း၊ မင်္ဂလာသာဓိရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၃၀၇၀၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၅၈၈၆, Honda Wave 100 ယာဉ် လက်ဝယ်ရှိသူ ဦးတင့်လွင်ဦး ၉/တကန(နိုင်)၁၀၁၇၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/43741, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးစောရီးရှိ ၁၄/ညတန (နိုင်)၁၀၇၃၆၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/5994 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၁၀/သထန(နိုင်)၁၆၄၈၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/49931, Honda Scoopy-110 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ထွန်း ၉/မဟမ(နိုင်)၀၄၉၄၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အမည်မှန်

မင်းဘူး(စကု) မြို့နယ်၊ တောင်ရပ် အထက(ခွဲ)မှ မူလတန်းပြ ဆရာမ ဒေါ်ကြည်ကြည်သန်း ၏ အမည်မှန်မှာ ဒေါ်ကြည်သန်း ၈/ငဖန(နိုင်) ၀၁၁၈၈၉ ဖြစ်ပါကြောင်း။

**ဒေါ်ကြည်သန်း**



နာမည်ကျော်ဆရာကြီး
**ရာဇာဇော်ဝင်း**
*(LL.B) WIPO,DL-101 Switzerland)*
ရှေးပူမပျက် ခေတ်မှီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေးငယ်၏အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးများလိုရာပေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေးတအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။(ပိတ်ရက်မရှိ)01-394727,01-399426,09-953009994,09-5152521

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မြို့နယ်၊ (၁၄)ရပ်ကွက် အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းထောင့်၊ အမှတ် (၁၁၂) ပေါ်တွင်ဆောက်လုပ်ထားသော ရွှေမိုးကောင်းကွန်ဒိုအဆင့်မြင့်အိမ်ရာစီမံကိန်း တိုက်ခန်းအမှတ်-Tower D ၊ အခန်းအမှတ် (502-A) ဧရိယာ (၁၃၁၃) စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား Great Master Construction Co., ကိုယ်စား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ အဆိုပါ ကုမ္ပဏီ၏ဒါရိုက်တာ ဦးတင်အောင်ထူး(ဘ) ယောင်ယုံဖွေ (၁၂/တမန(နိုင်)၁၁၂၀၆)ထံမှ ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P.LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်/၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၇၉၂၇၃၇၃၃၀၊ ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊အရှေ့ကြို့ကုန်း၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ဘူတာမြောက်ရပ်ကွက်၊ အကွက်အမှတ် (၄-က)၊ အကွက်အမည်- ဘူတာမြောက်ရပ်၊ ဦးပိုင်အမှတ် (၂၆-ခ)၊ ဧရိယာ(၀ဒသမ၀၇၂)ကေရှိမြေကွက်အား ဦးဝင်းကျော်ဦးမှ ဘိုးဘပိုင်အမည်ပြောင်းလဲလျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၉)ရက်မတိုင်မီ ဖြူးမြို့နယ်မြေစာရင်းဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးဌာနမှူး မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဖြူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၃၀၁)၊ မြေကွက်တည်နေရာအမှတ်(၃၀၁)၊ သခင်အုန်းဖေကြီးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ရိုစီ)(AC-034234) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေအားအမည်ပေါက် ဒေါ်ရိုစီ(AC-034234)မြေကွက်အား အမည်ပေါက် ဒေါ်ရိုစီကို (တရားပြိုင်)ထားကာ ဦးမျိုးမင်းသိန်း၊ ဒေါ်နီနီနိုင်တို့မှ(တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ် (၅/၂၀၂၄) ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၃-၂-၂၀၂၄) ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၂၁/၂၀၂၄) တို့ အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လဲ့လဲ့ခိုင် (၁၃/တကန(နိုင်)၀၀၃၄၁၉) မှ တရားရုံးအမိန့်များ တရားရုံးဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရေဝတီတိုင်းဒေသကြီး ၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၁) ရပ်ကွက် ၊ အောင်ဆန်း (၂)လမ်း ၊ အိမ်အမှတ် ( ၆ ) နေ ဒေါ်ယဉ် ယဉ်သိန်း (ဘ) ဦးမြင့်သိန်း ၁၄/မမက(နိုင်)၂၁၆၉၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်-

ဒေါ်ယဉ်ယဉ်သိန်း (ဘ) ဦးမြင့်သိန်း ၁၄/မမက(နိုင်)၂၁၆၉၈၈ နှင့် မော်လမြိုင်ကျွန်းမြို့နယ် ၊ ဂရမ်းအုပ်စု ၊ ဂရမ်းအရှေ့ကျေးရွာနေ ဦးသိန်းသန်းစိုး (ဘ) ဦးအေးသိန်း ၁၄/မမက(နိုင်)၂၈၉၅၃၈ တို့သည် (၄-၂-၂၀၂၅) ရက်က လက်ထပ်ပြီးအကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်လာခဲ့ကြပါသည်။ ထိုသို့ ပေါင်းသင်းလာချိန်တလျှောက် ဒေါ်ယဉ်ယဉ်သိန်း မှာ လခစားဝန်ထမ်းအဖြစ် လုပ်ကိုင်စားသောက်ခဲ့ရပြီး ဦးသိန်းသန်းစိုးမှာ ပြင်ပတွင် လယ်လုပ်ငန်း ၊ စပါးအရောင်းအဝယ်လုပ်ငန်းများအား ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်သိန်း အား အသိပေးသဘောတူညီချက် ရယူခြင်းမရှိပါလုပ်ကိုင်ခဲ့ကာ (၃၁-၇-၂၀၂၆) ရက်တွင် ကိုသိန်းသန်းစိုးမှာ ၎င်းလုပ်ကိုင်သည့် လုပ်ငန်းအတွင်းနှင့် ဒေါ်ယဉ်ယဉ်သိန်း ၏ မိဘဆွေမျိုးများထံမှ ငွေကြေးများ စပါးများရယူထားသည့် ကိစ္စအားဖြေရှင်းဆောင်ရွက်ခြင်းမရှိပါဘဲနေအိမ်မှ ထွက်ခွာသွားပြီး ဒေါ်ယဉ်ယဉ်သိန်း အား အဆက်အသွယ်ဖြတ်တောက်သွားခဲ့သဖြင့် ဒေါ်ယဉ်ယဉ်သိန်း အနေဖြင့် လင်ခန်းမယားခန်း ကိစ္စရပ်များအား မော်လမြိုင်ကျွန်းမြို့နယ် တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဒေါ်ယဉ်ယဉ်သိန်း မှ သိရှိသဘောတူညီခြင်းမရှိပါဘဲ ဦးသိန်းသန်းစိုး ပြုလုပ်ထားသော ငွေကြေးဆိုင်ရာကိစ္စများ၊ အခြားလူမှုရေးကိစ္စများ၊ ဥပဒေနှင့် မလွတ်ကင်းသော လုပ်ရပ်များပေါ်ပေါက်လာပါက ဒေါ်ယဉ်ယဉ်သိန်း တွင် လုံးဝ (လုံးဝ) တာဝန်မရှိပါကြောင်းနှင့် နောက်နောင်တွင် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ယဉ်ယဉ်သိန်း (ဘ) ဦးမြင့်သိန်း ၁၄ /မမက (နိုင်) ၂၁၆၉၈၈ ၏**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၄၅)(၁၆-၁၁-၂၀၁၇)**
**အမှတ်(၄)၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊**
**ဖုန်း-၀၉-၇၉၂၂ ၃၃၁၄၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်းမကြီး၊ အိမ်အမှတ် (၇၀၃)နေ ဦးရဲလင်းထူး(ခ)သားကြီး -ဒေါ်ညွန့်ညွန့်ဝေ(ခ)တင်ဇာထွန်းတို့၏ သမီးဖြစ်သူ မနှင်းဝေထူး ၁၂/ဒလန(နိုင်)၀၈၆၉၅၆ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာယူခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ယနေ့မှစ၍ မနှင်းဝေထူးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေငြာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးရဲလင်းထူး - ဒေါ်ညွန့်ညွန့်ဝေ**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၄) သထုံကျောင်းမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-10 တန်းခွဲ(B)မှ မသံစဉ်ချို တို့၏ မိခင်အမည်မှန်မှာ ဒေါ်နေဝေဝေလွင် ၁၀/သထန(နိုင်) ၁၅၂၄၅၅ ဖြစ်ပါကြောင်း။

**ဒေါ်နေဝေဝေလွင်**
**၁၀/သထန (နိုင်) ၁၅၂၄၅၅**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၄) သထုံကျောင်းမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တွင် Grade-10တန်းခွဲ(B)မှ မိသဇင်ဦး Grade-7တန်းခွဲ(A) မှ မိသဥ္ဇာဦး Grade-4 တန်းခွဲ(B)မှ မောင်ပိုင်သုခ တို့၏ ဖခင်အမည်မှန်မှာ မင်းညီနိုင် ၃/ကကရ(နိုင်) ၁၅၃၇၅၅ ဖြစ်ပါကြောင်း။ **မင်းညီနိုင်**

**၃/ကကရ(နိုင်) ၁၅၃၇၅၅**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ်(အထက)မှ မောင်ဟိန်းပြည့်စုံ ၈/စလန(နိုင်)၂၅၇၃၀၂ ၊ G(12) မှ မလှိုင်ပြည့်ပြည့်အောင် G (11)၊ မောင်ကောင်းပြည့်ချမ်းသာ G (6) တို့၏ ဖခင်အမည်မှန်မှာ ဦးသက်တင် ၈/စလန(နိုင်) ၁၁၁၆၆၀ ဖြစ်ပါကြောင်း။

**ဦးသက်တင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2383, TOYOTA MARK II GX II, SALOON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားဆန်း(ခ) စန်းစန်းလင်း ၉/မကန(နိုင်)၁၄၉၂၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/36299 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၅**

၁။ ဦးဇော်မြင့် နှင့် ဦးလှမောင်
၂။ ဒေါ်သန္တာလွင်
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၁၄)၊ ဦးပိုင်(၂၀)နေ ဦးလှမောင်(ဘ)ဦးထွန်းရင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်မြင့် နှင့် ဒေါ်သန္တာလွင်တို့က "ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု"ရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော့မေခိုင်)
ဒုတိယခရိုင်တရားသူကြီး(၁)
မဟာအောင်မြေခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်း ကျေးရွာအုပ်စု၊ တပ်မြို့(မြောက်ကွင်း)၊ ကွင်းအမှတ်(၂၈၁၁)၊ မြေကွက်အမှတ် – A-6(173)၊ မြေကွက်ဧရိယာ(၀.၉၂၀) ဧကရှိ မြေကို ဒေါ်ချော (ဘ) ဦးငွေးမောင် ၅/ရဘန(နိုင်)၀၀၆၃၇၅ သည် မြေကွက်တန်ဖိုးငွေ အပြေအကျေပေးသွင်းပြီးဖြစ်ပါသဖြင့် မြေကွက်ချထားခွင့်ပြုမိန့် ချထားပေးနိုင်ပါရန် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (ရွှေဘိုစက်မှုဇုန်)သို့ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (ရွှေဘိုစက်မှုဇုန်)ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ရွှေဘိုစက်မှုဇုန်၊ ရွှေဘိုမြို့**

## နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ ထားဝယ်စုလမ်းနေ ဒေါ်ကလျာစိုး ၁၀/မဒန(နိုင်)၁၀၆၄၇၅ (ဘ)ဦးတင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကလျာစိုးနှင့် ကျိုက်ထိုမြို့၊ ကျိုက်ထိုရဲတပ်ဖွဲ့မှူးရုံးနေ ဦးမင်းကို ၁၀/သထန(နိုင်)၀၁၃၅၄၂ (ဘ) ဦးထွန်းရီတို့မှာ လွန်ခဲ့သော (၁၇-၃-၂၀၀၂)ရက်နေ့က အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြပြီး လွန်ခဲ့သော (၁၀) နှစ်ကစ၍ အတူပေါင်းသင်းနေထိုင်ခြင်း မရှိတော့သဖြင့် (၇-၈-၂၀၂၆) ရက်တွင် တရားဝင် စာချုပ်စာတမ်း ပြုလုပ်ချုပ်ဆို၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ဦးမင်းကိုနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကလျာစိုးတို့မှာ တစ်စုံတစ်ရာ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစုလတ် (စဉ်-၇၉၀၀) တရားလွှတ်တော်ရှေ့နေ**
**မ-၇၊ အောင်ဆန်းလမ်း၊ ကြံ့ခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၄၁ယ/၂၃၈၀၇ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထက်ထွန်း ၁၂/ဒဂန(နိုင်)၀၂၇၉၃၆ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွကလိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၂၂၁၀၁ Honda Click-125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်စန်း ၆/လလန(နိုင်) ၀၈၇၇၇၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၅၄၈၀ Honda Click-150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဦး ၆/ထဝန(နိုင်)၀၂၁၆၄၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၉၉၀၂ Honda Wave-100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဖြိုး ၆/ထဝန(နိုင်) ၁၂၃၉၂၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## KYOBO LIFE INSURANCE CO., LTD.

**(Overseas Corporation)**

**(Approval of the Closure and De-registration by the Chairman & CEO)**

Notice is hereby given that the closure of KYOBO LIFE INSURANCE CO., LTD.'s Representative office in Yangon, Myanmar has been approved by the Chairman & CEO of KYOBO LIFE INSURANCE CO., LTD., effective as of 31/07/2026.

The application under Section 55(a) of the Myanmar Companies Law has been submitted to the Directorate of Investment and Company Administration on 06/08/2026

Signed by
For and on behalf of
KYOBO LIFE INSURANCE CO., LTD.

CHANG JAE SHIN
Chairman & CEO

Daw May Thu Hlaing
Certified Public Accountant
No.209, Parami Road, 5 Quarter,
South Okkalapa Township, Yangon Region, Myanmar

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ရွာဟောင်း)မှ Grade-၅ ကျောင်းသူ မယွန်းရွှေဘုံ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၁၂/ရကန (နိုင်)၀၅၇၄၆၄ ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်ဦး**

## ပျောက်ဆုံးကြောင်း

ဖာပွန်မြို့၊ အမှတ်(၁)ရပ်ကွက်နေ ကျွန်မ မနီနီမာ (ဘ) ဦးသန်းမြင့် ၃/ဖပန(နိုင်)၀၀၀၁၆၂ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၀၄၅၁၈၈**

## ပတ်စ်ပို့ပျောက်

အမှတ်(၄၇၈၈)၊ သော်ကလမ်းနှင့် အင်းလျားလမ်းထောင့်၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်နေ (ဘ) ဦးညီအေး ၏သမီး မစုစုအေး (၁၂/မဂတ(နိုင်)၀၀၁၅၀၇) ၏ နိုင်ငံကူးလက်မှတ်၊ အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မစုစုအေး၊ ဖုန်း-09 760771978**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ ရွက်မွန်ကိုယ်ပိုင် အထက်တန်းကျောင်း (သဲတော) Grade-12 မှ မလှမျိုးတင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးနီ ၉/ဝတန(နိုင်)၂၁၈၁၄၅ ဖြစ်ပါကြောင်း။

**ဦးဖိုးနီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ (၁၀)လမ်း၊ အမှတ်(၃၇၅)၊ (၅-ဘီ)၊ ဒါဘာခန်း၊ ခြေရင်းခန်း၊ အလျား (၁၁ပေခွဲ) x အနံ(၄၈)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးကိုကိုဦး ၁၂/အလန (နိုင်)၀၁၂၇၁၇မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မဒေါ်နန္ဒာမင်း ၁၂/မဂဒ (နိုင်)၁၇၁၃၇၄ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဝယ်ယူသူကျွန်မထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ-ဒေါ်နန္ဒာမင်း**
**ဖုန်း-၀၉-၉၆၉၆၀၇၀၀၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ် (၅၈၅)၊ ဦးပိုင်အမှတ်(၁-က+၁-ည) ၈၃ လမ်းနှင့်၂၉ လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သော ဒေါ်နန်းလှိုင်လှိုင်မြင့်၊ ဒေါ်သျှန်တီအောင်၊ ဦးရှိန်းဟူးအောင်၊ ဒေါ်မေသင်းကျော်တို့ (၄)ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၀၆၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဒေါ်လင်းလင်းမြင့် (ခ) ခင်ဝင်းကြည် ၉/မရမ(နိုင်)၀၄၅၉၈၇၊ ဒေါ်စုမြတ်လင်း ၁၂/လသယ(နိုင်)၀၆၇၃၅၅၊ ဒေါ်ဇာခြည်ဝင်းထက် ၁၂/လသယ(နိုင်)၀၆၉၂၆၄၊ ဦးနေသူရိန်အောင် ၁၂/လသယ(နိုင်)၀၇၁၉၆၉ တို့က အမှုတွဲအမှတ် (၀၀၉၅/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇) ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား ရပ်ကွက်၊ အကွက်အမှတ် (၁၆)၊ ဦးပိုင်အမှတ် (၃၈-ည)၊ ၁၄x၁၉ ကြား၊ ၆၀x၆၂ လမ်းကြား ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းဝင်း ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၈၁၉/၂၀၂၆) ဖြင့် ဝယ်ယူခဲ့သော ဦးဂနစ်(စ်) ကူးမား(ခ) ဟိန်းစိုး ၁၂/လမန(နိုင်) ၁၀၉၉၆၁၊ ဒေါ်အေးမိစံ ၁၀/မလမ(နိုင်) ၁၈၇၁၁၀ တို့က အမှုတွဲ အမှတ် (၁၆၂၃/၂၀၂၆-၂၀၂၇) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၈**

ဒေါ်တင်မာလှိုင် နှင့် ဒေါ်မြင့်မြင့်သန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ စ-၆/၅၅၊ ၆၇x၆၈လမ်းကြား၊ ၁၀၈x၁၀၉ လမ်းကြားနေ ဒေါ်မြင့်မြင့်သန်း (ဘ) ဦးကျင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

